ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၉ ရက်၊ ကြာသပတေးနေ့၊ (6-4-2006) (၄၉၂၂)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ကြီးနားခရိုင် အင်ဂျန်းယန်မြို့ တည်ဆောက်မှု ကြည့်ရှုစစ်ဆေး မြို့သစ်ဖွံ့ဖြိုးတိုးတက်ရေး ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် မှာကြား

နေပြည်တော်မြို့တော် ဧပြီ ၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၃ ရက် နံနက် ၉နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ရောက်ရှိကြရာ မြစ်ကြီးနားလေဆိပ်၌ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်း၊ မြစ်ကြီးနားတပ်နယ်မှ ဗိုလ်မှူးချုပ်ဇော်ထွန်း၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

သာယာမည်

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ကျောက်ခင်းလမ်း ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အင်ဂျန်းယန်မြို့နယ် အရဲရွာပ်–အင်ဂျန်းယန်လမ်း (၉)မိုင် ကျောက်ခင်းလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသားနိုင်ငံရေး ဦးစားပေးကြမှသာ အမျိုးသားရေးကို တာဝန်ကျေသောသူများဖြစ်ကြမည်။

အမျိုးသားရေး ဒီမိုကရေစီ (N.D) မရှိသော (သို့မဟုတ်) အမျိုးသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးမရှိသော လူမှုပတ်ဝန်းကျင်တွင် ဘာဒီမိုကရေစီ၊ ဘာဝါဒကိုမျှ တည်ဆောက်၍မရနိုင်ပါ။ ထို့ကြောင့် အမျိုးသားရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ။ နိုင်ငံရေးသမားနှင့် နိုင်ငံရေးပါတီများသည် အမျိုးသားနိုင်ငံရေး (အမျိုးသားရေး) ဦးစားပေးကြမှသာ အမျိုးသားရေးကို တာဝန်ကျေသောသူများ ဖြစ်ကြမည်။ တည်ဆဲအစိုးရသည် လစ်ဘရယ်ဒီမိုကရေစီနှင့် ဖက်ဒရယ်ဒီမိုကရေစီကို မဆန့်ကျင်ပါ။ လက်ရှိကာလ အမျိုးသားရေးနိုင်ငံရေး၏ တောင်းဆိုချက်အရ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ (အမျိုးသားရေးဒီမိုကရေစီ)ကို ပထမဦးစားပေးခြင်း (First Priority) ဖြစ်ပြီး လစ်ဘရယ်ဒီမိုကရေစီနှင့် ဖက်ဒရယ်ဒီမိုကရေစီကို ဒုတိယဦးစားပေးခြင်း (Second Priority) သာ ဖြစ်ပါသည်။ ဤအချက်ကို NLD ပါတီသည် နားလည်ဟန် မတူ။

*မောင်စေတနာ(B.A, B.Ed) ၏ **"တစ်ခါလာ မဲပြာပုဆိုး"** ဆောင်းပါး စာမျက်နှာ(၈–၉–၁၁)*

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၆-၄-၂၀၀၆
(ကြာသပတေးနေ့)

ပြည်ပဈေးကွက်ရှိသည့် ပို့ကုန်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေးကြိုးပမ်း

မြန်မာနိုင်ငံသည် ရေ၊ မြေရာသီဥတုကောင်းမွန်ပြီး စိုက်ပျိုးရေးဖြစ်ထွန်းသည့်နိုင်ငံဖြစ်ရာ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများဘက်စုံဖွံ့ဖြိုးလာစေရန် အကောင်အထည် ဖော်လျက်ရှိသည်။

နိုင်ငံတစ်ဝန်းရှိ မြေလွတ်မြေရိုင်းများကိုဖော်ထုတ်၍ စပါးအပါအဝင် ဆီအုန်း၊ ရော်ဘာနှင့် အခြားသီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ အထူးသဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များ နှင့် စိုက်ပျိုးမွေးမြူသူများက ပြည်ပပို့ကုန်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရစ္ဆာန်များနှင့် ရေထွက် ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိနေကြပြီဖြစ်သည်။

နိုင်ငံတော်အပိုင်းက ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးဟူသည့် စီးပွားရေးဦးတည်ချက်နှင့်အညီ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအား ကူညီပံ့ပိုးပေးလျက်ရှိသည်။ စီးပွားရေးလုပ်ငန်းရှင်များ၏ ကုန်ပစ္စည်းထုတ်လုပ်မှု၊ ရောင်းဝယ်ဖောက်ကားမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းအပိုင်းများ ပိုမိုဖွံ့ဖြိုးလာစေရန် အတွက်လည်း အဘက်ဘက်က အားပေးဖြည့်ဆည်း ပေးလျက်ရှိသည်။

ထို့ကြောင့်ပင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုအပိုင်း၌ ပုဂ္ဂလိကကဏ္ဍက ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၄၃ ရာခိုင်နှုန်းကျော်ပါဝင် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ယနေ့ကာလတွင် နိုင်ငံတော်က စီးပွားရေးလုပ်ငန်းများ၌ ပို့ကုန်-သွင်းကုန်မူဝါဒကို စနစ်တကျ ကျင့်သုံးလျက်ရှိသည်နှင့် အညီ ပို့ကုန်လုပ်ငန်းများကို အားပေးပြီး နိုင်ငံအတွက် အမှန်တကယ်လိုအပ်နေသည့် ကုန်ပစ္စည်းများကိုသာ စိစစ် တင်သွင်းနေသောကြောင့် ပို့ကုန်တန်ဖိုးများ မြင့်တက်လာကြောင်း တွေ့ရသည်။

တစ်ဖက်တွင်လည်း သွင်းကုန်အစားထိုးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်သည့် စက်ရုံ၊ အလုပ်ရုံများ တိုးတက်ဖြစ်ထွန်းလာစေရန် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ စက်မှုကုန်ကြမ်းသီးနှံများ ဖြစ်ထွန်းနေသည့်အတွက် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ခြင်း စသည်ဖြင့် အားထုတ်သွားကြရမည်ဖြစ်သည်။

ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကို စနစ်တကျ ဖွဲ့စည်းထားပြီဖြစ်ရာ အသင်းချုပ်၏ ဦးဆောင်မှုဖြင့် ကုန်ပစ္စည်းထုတ်လုပ်မှုအလိုက် အသင်းများ၊ လုပ်ငန်းသဘာဝအလိုက် အသင်းများနှင့် စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူအသင်းများက လုပ်ငန်းများ အောင်မြင်မှုရရှိစေရန် ကြိုးပမ်းနေကြပြီဖြစ်သည်။

စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ထွက်ရှိလာသည့် သီးနှံများကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ရာတွင် အဆင့်မီအောင် သန့်စင်ခြင်း၊ အရွယ်အစားခွဲခြားခြင်း၊ အရောင်တင်ခြင်း စသည့်ဈေးကွက်၌ မျက်နှာပန်းလှပြီး ဈေးကောင်းရရှိရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

အလားတူပင် ကမ္ဘာ့ဈေးကွက်တွင် နေရာရရှိနေပြီဖြစ်သည့် ပဲမျိုးစုံ၊ သစ်တောထွက်ပစ္စည်းနှင့် ရေထွက်ပစ္စည်းများကို လက်ရှိအနေအထားအတိုင်း တင်ပို့ရောင်းချနေရုံမျှဖြင့် ကျေနပ်မနေကြဘဲ တစ်ဝက်တစ်ပြက် ကုန်ချောအဆင့်နှင့် ကုန်ချောအဆင့် တိုးမြှင့်ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အသင်းဝင်များအနေဖြင့် နိုင်ငံတော်၏ အားပေးကူညီမှုများနှင့်အတူ ပြည်ပဈေးကွက်ရှိသည့် ပို့ကုန်ပစ္စည်းများအား ဈေးကောင်းကောင်း၊ မျက်နှာပန်းလှလှဖြင့် စဉ်ဆက်မပြတ်တင်ပို့နိုင်ရေးအတွက် ကုန်ချောအဆင့် တန်ဖိုးမြှင့် ထုတ်လုပ်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ရွှေကျင်မိုးကုတ်ကျောင်း ခုနစ်ရက်တရားစခန်း

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်း ဒလမြို့နယ် ကျွန်စစ်သားရပ်ကွက် ရွှေကျင်မိုးကုတ်ကျောင်းတိုက်တွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အရှင်ဇနက (ဓမ္မာစရိယ၊ နယ်လှည့်မိုးကုတ် ဓမ္မကထိက)နှင့် အရှင်သီရိကဥ္စန(သာသနဓဇ ဓမ္မာစရိယ) (ဝိနယဓရ-ဝိနယကောဝိဒ) အရှင်သူမြတ်တို့က ခန္ဓာဥာဏ်ရောက် သစ္စာတရားများကို ဧပြီ ၁၀ရက်မှ ၁၇ရက်ထိ ခုနစ်တိုင်တိုင် ဟောကြားမည်ဖြစ်ကြောင်း ဓမ္မမိတ်ဆွေအပေါင်းအား နှိုးဆော်သည်။ (က-ဆ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သံအမတ်ကြီး ဦးထိန်ဝင်းအား ချီလီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

ရန်ကုန် ဧပြီ ၆

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဘရာဇီး ဖယ်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်သံအမတ်ကြီးဦးထိန်ဝင်းအား ချီလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ်ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။ (သတင်းစဉ်)

တရားတော်များ ဟောကြားမည်

ရန်ကုန် ဧပြီ ၅

တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးတွင် တန်ခူးလပြည့်နေ့ ဧပြီ ၁၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီမှ ၇ နာရီအထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒတက္ကသိုလ် ဝိပဿနာဌာနမှ ကထိက ဆရာတော် ဘဒ္ဒန္တ ဆေကိန္ဒ (မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ) ဆရာတော်က တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ဟယ်လင်းနစ်သမ္မတထံ ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဧပြီ ၆

ဟယ်လင်းနစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသန်းထွန်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၆ခုနှစ် မတ် ၉ရက်တွင် အေသင်မြို့၌ ဟယ်လင်းနစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကရိုလို့စ်၊ ပါပူးလီယပ်စ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

ပျိုးဥယျာဉ်စစ်ဆေး

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ရေနံချောင်းမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ဖန်ခါးစမ်းဥယျာဉ်ရှိ ပျိုးပင်များနှင့် ကြက်ဆူပျိုးပင်များကို ကြည့်ရှုစစ်ဆေးစဉ်။
(သစ်တောရေးရာ)

ရတနာသိမ်သာသနာ့ရိပ်သာ သင်္ကြန်တွင်းတရားစခန်း

ရန်ကုန် ဧပြီ ၅

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ နည်းနိဿယအတိုင်း ရွှေတောင်ကုန်းနှင့် ရွှေမင်းဝံဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူလျက် ရတနာသိမ်သာသနာ့ရိပ်သာ အမှတ်(၄)ရပ်ကွက်၊ ဗထူးလမ်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်တွင် ဧပြီ ၁၂ရက်မှ ၁၇ရက်အထိ သင်္ကြန်တွင်း ငါးရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်ရာ တရား စခန်းဝင်လိုသော ယောဂီများသည် ဧပြီ ၁၁ရက် ညနေ ၅နာရီအရောက် ရိပ်သာသို့ လာရောက်ကြပါရန်နှင့် ဝိသာခါ အကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၅၅၅၅၀၅သို့ စုံစမ်းနိုင်ကြကြောင်းသိရသည်။ (က-ပ)

ကြိုးဝိုင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၅

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၁ရက် နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် မိုးစွေသုတေသန သစ်မျိုးစုံစိုက်ခင်းသို့ရောက်ရှိလာရာ သစ်တောသုတေသန ညွှန်ကြားရေးမှူး ဦးထွန်းပေါ်ဦးက သစ်မျိုးစုံ စိုက်ခင်း၌ ကျွန်း၊ ပျဉ်းကတိုး၊ ယမနေ စသည်ဖြင့် အဖိုးတန်သစ်မျိုး ၁၃ မျိုးကို ရောနှောစိုက်ပျိုးပြီး သုတေသနပြုလုပ်ထားကြောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မိုးစွေ သစ်တောသုတေသနစခန်း အမှတ်(၅)သို့ ရောက်ရှိလာရာ ဦးစီးအရာရှိ ဦးကျော်လွင်က အခြေပြု သုတေသန စမ်းသပ်ကွက်များနှင့် သုတေသန သဘာဝတောများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရင်ရင်ကြည်က ကျွန်းအနက်စင်း သုတေသန စိုက်ခင်းများနှင့် ပတ်သက်၍ လည်းကောင်း၊ ဒေါက်တာ စန်းဦးက ဝါးအသုံးချမှု မြှင့်တင်ရေးနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြရာ ဝန်ကြီးက သုတေသန စခန်းသည် နေပြည်တော်နှင့်နီးပြီဖြစ်၍ နိုင်ငံတကာအဆင့်မီ သုတေသနနှင့် လေ့ကျင့်ရေးဌာန အပန်းဖြေနေရာများအဖြစ် တိုးမြှင့်ပြီး သုတေသနစိုက်ခင်းများ၊ စီးပွားရေးစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးရန် မှာကြားသည်။

ကင်မွန်းတောင်ကြိုးဝိုင်း

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် တောင်တွင်းကြီးမြို့နယ် ကင်မွန်းတောင်ကြိုးဝိုင်း ၂၀၀၄-၂၀၀၅ သီးခြားကျွန်းစိုက်ခင်း ဧက ၃၀၀နှင့် ၂၀၀၅-၂၀၀၆ သီးခြား ကျွန်းစိုက်ခင်း ဧက ၈၀၀ သို့ ရောက်ရှိလာရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးဘိုဘိုဝင်းက စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှု၊ နောင်နှစ်များတွင် ထပ်မံစိုက်ပျိုးရန် ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ မကွေးတိုင်း ညွှန်ကြားရေးမှူး ဦးဝင်းမောင်က ဖြည့်စွက်တင်ပြပြီး ဝန်ကြီးက စိုက်ခင်းများအောင်မြင်ရေး၊ သစ်ခိုးထုတ်မှု ပပျောက်ရေးကိစ္စများ ဆောင်ရွက်ရန် မှာကြားသည်။ ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်သည် ဧပြီ ၂ရက် နံနက်ပိုင်းတွင် မကွေးမြို့ မြန်မာ့သစ်လုပ်ငန်းရုံး၌ မကွေးမြို့မှ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ထမ်းများအား လုပ်ငန်းများကို စေတနာထားကာလာဘ်ပေးလာဘ်ယူ ကင်းရှင်းစွာ ဆောင်ရွက်ရေးနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် မကွေးမြို့နယ် ဒေါင်းနေကြိုးပြင် ကာကွယ်တောတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ စိုက်ပျိုးထားရှိသည့် ၂၀၀၅-၂၀၀၆ ခုနှစ် ကျေးထင်း ၃၉၅ ဧကသို့ ရောက်ရှိလာရာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ရှင်းလင်းတင်ပြပြီး ဝန်ကြီးက မိုးရာသီတွင် သေပင်များအား ဖာထေးရန်နှင့် ကြက်ဆူပင်များ ကြားညှပ်စိုက်ပျိုးရန် မှာကြားသည်။

ဆက်လက်ပြီး ဝန်ကြီးနှင့်အဖွဲ့သည် ရေနံချောင်းမြို့နယ် ဖန်ခါးစမ်းဒေသ၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ပျိုးဥယျာဉ်ရှင်းလင်းဆောင်သို့ရောက်ရှိလာရာ ဦးစီးအရာရှိ ဦးမောင်မောင်နိုင်က စိမ်းလန်းစိုပြည်ရေးနှင့် ရေရရှိရေးကိစ္စများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ဖြည့်စွက်ရှင်းလင်းသည်။ ထို့နောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး ပျိုးဥယျာဉ်အတွင်းရှိ မိုးရာသီတွင် စိုက်ပျိုးမည့် ပျိုးပင်များနှင့် ကြက်ဆူပျိုးပင်များကို ကြည့်ရှုစစ်ဆေးသည်။

ရောနှောစိုက်ပျိုး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ချောက်မြို့နယ် ရွှေပုံတောင်ပျိုးဥယျာဉ်ရှိ တမာစိုက်ခင်းများအတွင်း ကြက်ဆူပင်ရောနှော စိုက်ပျိုးအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အခြားစိုက်ခင်းများတွင်လည်း ကြက်ဆူပင်များ ရောနှောစိုက်ပျိုးရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရွှေပုံတောင် တမာစိုက်ခင်း ဧက ၉၅၀ ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ ဦးစီးအရာရှိ ဦးမောင်မောင်နိုင်က ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ဖြည့်စွက်ရှင်းလင်းရာ ဝန်ကြီးက ရေရရှိပြီး အောင်မြင်ရှင်သန်နေသည့် တမာပင်ကြီးများကို နေရာပြောင်းရွှေ့ စိုက်ပျိုးရေးမှာကြားကာ ကွန်ဒိုဘန်းဖြင့် အပင်ကြီးများ စိုက်ပျိုးအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားခရိုင် အင်ဂျန်းယန်မြို့သစ်သို့ မြစ်ကြီးနား–အင်ဂျန်းယန်လမ်းအတိုင်း ထွက်ခွာလာကြရာ နံနက် ၁၀နာရီခွဲတွင် မလိခမြစ်ကူးဂွေထော်ဆိပ်သို့ ရောက်ရှိကြပြီး ဂွေထော် ဆိပ်တစ်ဖက်ကမ်းမှ စက်လှေများဖြင့် ဆက်လက်ထွက်ခွာရာ ဂွေထော် ကျေးရွာသို့ ရောက်ရှိကြသည်။

ကျောက်ခင်းလမ်းဖွင့်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဂွေထော် ကျေးရွာမှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာ၍ အင်ဂျန်းယန်မြို့နယ် အရဲဇွပ်–အင်ဂျန်းယန်လမ်း (၉)မိုင်ကျောက်ခင်းလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ အင်ဂျန်းယန်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစောညီညီထွေးနှင့် ဂျိတ်လန်းမြန်မာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးယွပ်ဇော် ခေါင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကျောက်ခင်းလမ်းကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါအရဲဇွပ်–အင်ဂျန်းယန်လမ်း(၉)မိုင်ကို ကချင်ပြည်နယ် အထူးဒေသ(၂) နှင့်ဂျိတ်လန်းမြန်မာကုမ္ပဏီလီမိတက် အရဲဇွပ်–အင်ဂျန်းယန်လမ်း တိုးတက်ပြုပြင် တည်ဆောက်ရေးစီမံကိန်းက တာဝန်ယူဖောက်လုပ်ခဲ့ပြီး လမ်းဖောက်လုပ်ခြင်း လုပ်ငန်းကို ၁၄–၁၁–၂၀၀၅ ရက်က စတင်ခဲ့သည်။ မူလလမ်းအမျိုးအစားမှာ လမ်းအူကြောင်းပျက်မြေသားလမ်းဖြစ်၍ ယခုအဆင့်မြှင့်ဖောက်လုပ်၍ မြေရော ချောင်းကျောက်ခင်းသော ကျောက်ခင်းလမ်းဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အင်ဂျန်းယန် မြို့သစ်သို့ မွန်းလွဲ ၁၂နာရီခွဲတွင်ရောက်ရှိပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ လိုအပ်သည်များ ရှင်းလင်းမှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အင်ဂျန်းယန်မြို့သစ် ဒေသခံပြည်သူ များနှင့် ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အင်ဂျန်းယန်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစောညီညီထွေးက အင်ဂျန်းယန်မြို့၏ သမိုင်းကြောင်း၊ တည်နေရာ၊ အကျယ်အဝန်းနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်း တင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မြို့အင်္ဂါရပ်နှင့်အညီ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အင်ဂျန်းယန်မြို့နယ်ကို မြို့အင်္ဂါရပ် နှင့်အညီ တည်ဆောက်နေသကဲ့သို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အားသွန် ခွန်စိုက်ဆောင်ရွက်ကြရန် လိုကြောင်း၊ တစ်ပြိုင်တည်းပင် စိုက်ပျိုးရေး၊ မွေးမြူရေး များကိုလည်း ထူထောင်ပေးသွားရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှစ်ရှည်သီးနှံများ စိုက်ပျိုးရန်နှင့် လှေကားထစ် တောင်ယာစိုက်ပျိုးနည်းဖြင့် စနစ်တကျ စိုက်ပျိုးကြရန် ပြောကြားလိုကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်များကို မိမိတို့ မြို့နယ်လျာထား ချက်နှင့်အညီ စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဒေသခံပြည်သူများအား ဦးဆောင်ဦးရွက်ပြု၍ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်နေပြီဖြစ်၍ အင်ဂျန်းယန်မြို့သစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြ ရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီးဗိုလ်ချုပ်မောင်ဦးတို့က ဒေသခံပြည်သူများနှင့် ဝန်ထမ်းများအား ထောက်ပံ့ ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆေးရုံ တည်ဆောက်မည့် မြေနေရာသို့ရောက်ရှိကြပြီး သတ်မှတ်နေရာအသီးသီး၌ ပန္နက်တိုင်များ စိုက်ထူပေးသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ဆေးရုံတည်ဆောက်မှုနှင့် အရဲဇွပ်– အင်ဂျန်းယန်လမ်း ဖောက်လုပ်မှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်း တင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ ဒုတိယ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အင်ဂျန်းယန်မြို့သစ် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဂြိုဟ်တုတယ်လီဖုန်း စခန်းဖွင့်ပွဲကို တက်ရောက်အားပေးစဉ်။(သတင်းစဉ်)

ဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး ဆောက်လုပ်မည့်မြေနေရာသို့ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး နှင့် ဝန်ကြီးတို့က သတ်မှတ်နေရာအသီးသီး၌ ပန္နက်တိုင်များ ရိုက်ပေးကြကာ အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ စုပေါင်းရုံး တည်ဆောက်မှုနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ် သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဂြိုဟ်တု တယ်လီဖုန်းစခန်းဖွင့်ပွဲသို့ တက်ရောက်အားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အခြေခံပညာ အလယ်တန်းကျောင်းခွဲ ဆောက်လုပ်မည့်နေရာသို့ သွားရောက်၍ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် ဝန်ကြီးတို့ကသတ်မှတ်နေရာအသီးသီး၌ ပန္နက် တိုင်များ ရိုက်ပေးကြကာ အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ အခြေခံပညာအလယ်တန်းကျောင်းခွဲ တည်ဆောက်မှုနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အင်ဂျန်းယန် မြို့သစ် တပ်ဦးအောင်ဆုပန် ကျောင်းသို့ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များအားဖူးမြော်ကြည်ညိုကာ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အင်ဂျန်းယန် မြို့သစ်မှ ပြန်လည်ထွက်ခွာလာကြပြီး ဂွေထော်ဆိပ်မှ စက်လှေများဖြင့် မလိခမြစ် ကြောင်းတစ်လျှောက် စုန်ဆင်း၍ မေခနှင့်မလိခမြစ်ဆုံသို့ သွားရောက်ကာ မြစ်ဆုံမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် မြစ်ဆုံ–မြစ်ကြီးနားလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ရွှေနံ့သာနွေစပါး ရိတ်သိမ်းခြင်းလေ့လာ တစ်ဧကတင်း ၁၆၀ကျော်ထွက်ရှိ

ရန်ကုန် ဧပြီ ၅

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်နှင့်အဖွဲ့သည် ဧပြီ ၃ရက်နံနက်ပိုင်းတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရေဒလဘောင်ကျေးရွာသို့ သွားရောက်ပြီး နွေစပါးရိတ်သိမ်း ခြင်းကို လေ့လာကြသည်။ **(ယာပုံ)**

မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ကြီးကြပ်မှုဖြင့် မြန်မာအောင်တံခွန်အုပ်စု ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်တင် ထွန်းက တာဝန်ခံ၍ စပါးစိုက်ခင်းဧက ၁၀၀ခန့်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးပညာရှင်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် တယူခရိုင်မှ စပ်မျိုးစပါးကို ရွှေနံ့သာအမည်ဖြင့် စိုက်ပျိုးခဲ့သည်။ ပုံမှန်စပါးမျိုးစေ့ကြဲရာတွင် တစ်ဧကကို စပါးလေးတင်းကြဲရသော်လည်း ရွှေနံ့သာစပါးမျိုးစေ့ကို တစ်ဧကလျှင် ၁၀ကီလို(တင်းဝက်ခန့်သာ)ကြဲရသည်။ စပါးပင်များသည် လေးပေကျော်အမြင့်ရှိပြီး အသီးမှည့်သော်လည်း အပင်စိမ်းပြီး စပါးတစ်ပင် နှံပွား ၃၅ ခန့်ရှိကာ စပါးနှံ တစ်နှံတွင် ဆန်စေ့ ၂၀၀ကျော်ရှိသည်။ ရွှေနံ့သာစပါးကို ရက်ပေါင်း ၁၂၀အတွင်း ရိတ်သိမ်းနိုင်ပြီး တစ်ဧကလျှင် စပါးတင်း ၁၆၀ကျော်ခန့် ထွက်ရှိကြောင်းနှင့် မြန်မာ့ရေမြေသဘာဝနှင့် ကိုက်ညီ၍ စားသုံးရန် ကောင်းမွန်သော မျိုးစပါး ဖြစ် သည်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၅–၄–၂၀၀၆)
မင်းဘူး၊ မကွေး၊ အောင်လံနှင့် စစ်ကိုင်း
၄၀ ဒီဂရီစင်တီဂရိတ်
(၁၀၄ ဒီဂရီဖာရင်ဟိုက်)

ခုနစ်ရက်တရားစခန်း

ရန်ကုန် ဧပြီ ၅

မော်လမြိုင်မြို့ လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ခွဲမှ ဧပြီ၁၂ရက်မှ ၁၈ရက်အထိ မုပွန်ရပ်၊ ကျိုက်ခတ်သုတ်ဆံတော်ရှင် စေတီတော်မြတ်ကြီး၏ ရင်ပြင်ပေါ်ရှိ ဓမ္မဗိမာန်တွင် (၁၇)ကြိမ်မြောက် ခုနစ်ရက်တရား စခန်းဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများ၊ ယောဂီများနှင့် ကုသိုလ်ပါဝင်လှူ ဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးတင်ဦး၊ အမှတ်(၁၄၅)၊ရာဇာဓိရာဇ်လမ်း၊ မြိုင်သာယာနှင့် အတွင်းရေးမှူး ဒေါက်တာသောင်းမြင့် ဖုန်း–၀၅၇–၂၂၈၉၉ ထံသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြပြီး တရားစခန်းဝင်မည့် ယောဂီများသည် ဧပြီ ၁၁ရက်ညနေ ၄နာရီထက် နောက်မကျစေဘဲ တရားဓမ္မဗိမာန်သို့ သတင်းပို့ဝင်ရောက်ကြရန် နှိုးဆော်ထားသည်ဟု သိရသည်။ (၂၃)



တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ နိုင်ငံတကာမော်တော်ကားပြိုင်ပွဲကို ဧပြီ ၁ ရက်က ကျင်းပစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မလေးရှားနိုင်ငံ၏ ကုန်သွယ်ရေး ပိုငွေပြမှု ဖေဖော်ဝါရီလတွင် ဆက်လက်မြင့်တက်

ကွာလာလမ်ပူ ဧပြီ ၄

ယခုနှစ်ဖေဖော်ဝါရီလတွင် မလေးရှားနိုင်ငံ၏ ကုန်သွယ်ရေးကဏ္ဍတွင် ပိုလျှံငွေ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ အထိရှိရာ ၁၉၉၇ ခုနှစ်နောက်ပိုင်း အကြိမ် (၁၀၀)မြောက် ဆက်တိုက်တိုးမြင့်လာခဲ့ခြင်းဖြစ်ကြောင်း စာရင်းအင်း ဌာနက တနင်္လာနေ့တွင် ပြောကြားသည်။

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလတွင် မလေးရှား၏ ပြည်တွင်းကုန်ပစ္စည်း တင်ပို့မှုကြောင့် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄၂ ဘီလီယံဖိုးရရှိရာ နှစ်အလိုက် ၁၅ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ စာရင်းဌာနမှ ထုတ်ပြန်သော စာရင်းဇယားများတွင် ဖော်ပြထားသည်။

ဖေဖော်ဝါရီလတွင် ပြည်ပပို့ကုန်မှ ရရှိသည့်ငွေများအနက် ယခုနှစ်ဖေဖော်ဝါရီလမှ ရရှိငွေသည် အများဆုံးဖြစ်သည်ဟုဆိုသည်။

မလေးရှားပြည်တွင်းသို့ ကုန်ပစ္စည်း တင်သွင်းရာတွင် အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၄၂ ဘီလီယံရှိရာ နှစ်ချင်းအလိုက် နှိုင်းယှဉ်လျှင် ၁၇ ဒသမ ၉ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ခြင်းဖြစ်ပြီး လချင်းအလိုက် ၁ ဒသမ ၅ ရာခိုင်နှုန်း မြင့်မားလာခဲ့ခြင်း ဖြစ်သည်။

ဝယ်ယူတင်သွင်း

မလေးရှားက အရှေ့တောင်အာရှ နိုင်ငံများအသင်း၊ အမေရိကန်ပြည်ထောင်စု ဥရောပသမဂ္ဂတို့သို့ ပို့ကုန်တင်ပို့ခဲ့ပြီး အာဆီယံ၊ ဂျပန်နှင့် အမေရိကန်တို့မှ ကုန်များကို အများဆုံးဝယ်ယူတင်သွင်းခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

တရုတ်နှင့်ဂျပန် အကောက်ခွန်လုပ်ငန်း ပူးပေါင်းဆောင်ရွက်မည်

ပေကျင်း ဧပြီ ၄

နှစ်နိုင်ငံ အကောက်ခွန်ဌာနများအကြား တရားဥပဒေ စိုးမိုးရေးနယ်ပယ်တွင် အပြန်အလှန် အကူအညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ သတင်းအချက်အလက်ဖလှယ်ရေး၊ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဝန်ထမ်းများအား ကျွမ်းကျင်မှုသင်တန်း ပို့ချပေးရေးတို့နှင့်စပ်လျဉ်း၍ သဘောတူညီချက်တစ်ရပ်ကို တရုတ်နှင့် ဂျပန်နိုင်ငံတို့က တနင်္ဂနွေနေ့တွင် လက်မှတ်ရေးထိုးလိုက်ကြသည်။

ယင်းသဘောတူညီချက်အရ နှစ်နိုင်ငံ အကောက်ခွန် ဌာနများသည် ယင်းတို့၏ စီရင်ပိုင်ခွင့်အတွင်း အကောက်ခွန် ဥပဒေနှင့် စည်းမျဉ်းချိုးဖောက်ဖွယ် ရှိသည့် လှုပ်ရှားမှုသတင်းများကို အပြန်အလှန် ပေးအပ်ကြမည်ဖြစ်သည်။ နှစ်နိုင်ငံ အကောက်ခွန်ဌာနများသည် တစ်နိုင်ငံက မေတ္တာရပ်ခံလာပါက အကောက်ခွန်ဥပဒေ ချိုးဖောက်သည်ဟု သံသယဖြစ် ခြင်းခံရသူများကို ကျန်တစ်နိုင်ငံက အထူးစောင့်ကြည့် လေ့လာပေးရမည်ဖြစ်သည်။

အဆိုပါ သဘောတူညီချက်ကို တရုတ်နိုင်ငံ အကောက်ခွန် အထွေထွေ အုပ်ချုပ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဆွန်ဆောင်ပုနှင့် တရုတ်နိုင်ငံရှိ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူ ချီဟီရို အတ်ဆုမိတို့က သက်ဆိုင်ရာနိုင်ငံများ ကိုယ်စား လက်မှတ်ရေးထိုးကြသည်။

နှစ်နိုင်ငံ အကောက်ခွန်ဌာနများ အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဥပဒေနှင့်အညီ အခြေခံ မူဘောင်စနစ်တစ်ရပ်ကို ပေါင်းစည်းပေးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ အကောက်ခွန်ဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ တရုတ်နှင့် ဂျပန်နိုင်ငံတို့သည် မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်ခြင်း၊ ဉာဏ်ပညာဖြင့် တီထွင် ဖန်တီးထားသည့်ပစ္စည်းများ မူပိုင်ခွင့် အခွင့်အရေးများ အကာအကွယ်ပေးရေးနှင့် စီးပွားရေးလုပ်ငန်းများ မူဘောင်လွဲမှားနေခြင်းတို့ အပါအဝင် အကောက်ခွန်ကိစ္စရပ်များကို ၂၀၀၁ ခုနှစ်ကတည်းက ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံတွင် ကုမ္ပဏီများကို ပြန်လည်ဖွဲ့စည်းမည်

ဂျကာတာ ဧပြီ ၄

အင်ဒိုနီးရှားအစိုးရက နိုင်ငံက ချုပ်ကိုင်သည့်ကုမ္ပဏီများကို ပြန်လည်ဖွဲ့စည်း တည်ဆောက်မည့် အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အရ ကုမ္ပဏီ လက်ရှိ ရှိနေသည့် အရေအတွက်ဖြစ်သည့် ၁၆၅ ခု မှ ၂၅ ခုအထိ ၂၀၂၀ ပြည့်နှစ်အတွင်း လျှော့ချသွားရန် စီစဉ်နေကြောင်း တနင်္လာနေ့က ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရှိရသည်။

နိုင်ငံတော်က ချုပ်ကိုင်သည့် ကုမ္ပဏီများကို ပေါင်းစပ်ဖွဲ့စည်းခြင်း၊ ပုဂ္ဂလိက လုပ်ငန်းအဖြစ် လွှဲပြောင်း သို့တည်းမဟုတ် ဖျက်သိမ်းပစ်ခြင်းများ ပြုလုပ်ကာ ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်သည်ဟု သည်ဂျကာတာပို့စ် သတင်းစာက နိုင်ငံတော် စီးပွားရေးလုပ်ငန်းဌာနမှ အထက်တန်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကို ကိုးကား၍ ရေးသားသည်။

လျှော့ချ

အစိုးရက အဆိုပါကုမ္ပဏီများ၏ အရေအတွက်ကို ၂၀၀၉ ခုနှစ်တွင် ၁၅ ခုအထိ၊ ၂၀၁၅ ခုနှစ်တွင် ၅၀ အထိ နှင့် ၂၀၂၀ ပြည့်နှစ်တွင် ၂၅ ခုအထိ လျှော့ချသွားမည်ဖြစ်သည်။

အင်ဒိုနီးရှားအစိုးရက လာမည့် နှစ်နှစ်ကာလအတွင်း အဆိုပါ ကုမ္ပဏီများကို ကမ္ဘာတစ်ဝန်းရှိ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စေရန်အတွက် အဆိုပါ ကုမ္ပဏီများကို ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်သည်ဟု နိုင်ငံတော် စီးပွားရေး လုပ်ငန်းဌာန ဝန်ကြီး မာမူဒင်ယာဆင်က ပြောကြားသည်။

အဆိုပါ ကုမ္ပဏီများ ပြန်လည်ဖွဲ့စည်းရန် လိုအပ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်းကုမ္ပဏီများသည် စီမံခန့်ခွဲမှု ညံ့ဖျင်းမှု သို့တည်းမဟုတ် အစိုးရက ဝင်ရောက်စွက်ဖက်မှုများလွန်းသဖြင့် ပုဂ္ဂလိကကုမ္ပဏီများနှင့် မယှဉ်ပြိုင်နိုင်တော့သောကြောင့် ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာအရှေ့ပိုင်း ရာဝါမန်ဂွန်အရပ်၌ ကျင်းပသည့် ရိုးရာအခမ်းအနားတစ်ရပ်တွင် ပါဝင်ဆင်နွှဲကြသော အင်ဒိုနီးရှား လုပျိုဖြူများကို ဧပြီ ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘောဒီးယားမြို့ဟောင်းသို့ အကြီးစားယာဉ်များ ဝင်ခွင့်ပိတ်မည်

ဖနောင်ပင် ဧပြီ ၄

ကမ္ဘောဒီးယားနိုင်ငံ အန်ကာတွန်မြို့ဟောင်းနေရာအတွင်းသို့ အကြီးစား မော်တော်ယာဉ်များ ဝင်ရောက်သွားလာခြင်းကို ဧပြီလဆန်းမှစ၍ ပိတ်ပင်တားမြစ်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ မီဒီယာသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

ကြေညာ

ဖြက်နှစ်မီတာနှင့် အမြင့်သုံးမီတာရှိသည့် ယာဉ်များ၊ ဝန်ချိန်သုံးတန်ထက်ပိုသော ယာဉ်များ၊ အချင်းဝက် ငါးမီတာဝန်ရှိ ယာဉ်များ၊ ကမ္ဘာလှည့်ခရီးသည်ပို့ဆောင်ရေးယာဉ်မဟုတ်သည့် ပြည်တွင်းပို့ဆောင်ရေးယာဉ်များ၊ ထိုင်ခုံ ၂၄ ခု ထက်ပိုသည့် ကမ္ဘာလှည့်ခရီးသည် ပို့ဆောင်ရေးယာဉ်များသည် ဧပြီ ၁ ရက်မှစ၍ အန်ကာတွန်မြို့ဟောင်းနေရာအတွင်းသို့ ဝင်ရောက်သွားလာခွင့်ပြုမည် မဟုတ်ကြောင်း အန်ကောဝပ်ဘုရားကျောင်းများကို စီမံခန့်ခွဲသည့် ကမ္ဘောဒီးယားနိုင်ငံ အက်ပ်ဆာရာအာဏာပိုင်အဖွဲ့က ကြေညာထားသည်။

တားမြစ်ပိတ်ပင်ချက်

အန်ကာတွန်မြို့ဟောင်းအတွင်းသို့ မော်တော်ယာဉ်စီးရေ အများအပြား ဝင်ရောက်လာမှုကြောင့် ရှေးဟောင်းအဆောက်အအုံ၏ လမ်းများနှင့် ရေနုတ်မြောင်းများကို ထိခိုက်စေသဖြင့် ယင်းသို့ တားမြစ်ပိတ်ပင်ချက်ကို ထုတ်ပြန်ခဲ့ရခြင်းဖြစ်ကြောင်း အပတ်စဉ်ထုတ် ဘစ္စနစ်ပရက်စ်ဂျာနယ်တွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်က အီရန်ကို တိုက်ခိုက်ပါက အီရန်က တုံ့ပြန်နိုင်ဟုဆို

ဝါရှင်တန် ဧပြီ ၄

အမေရိကန်စစ်ဘက်က အီရန်နိုင်ငံ၏ နျူကလီးယားလက်နက်များရှိသည့် နေရာသို့ တိုက်ခိုက်ခဲ့ပါက အီရန်အနေဖြင့် ထောက်လှမ်းရေးသူလျှိုများနှင့် ဟစ်ဇ်ဘိုလာပြောက်ကျားအဖွဲ့များကို အကြမ်းဖက်တိုက်ခိုက်မှုများ ကမ္ဘာတစ်ဝန်းတွင် လုပ်ခိုင်းရန် ဖြန့်ကြက်ခြင်းဖြင့် ပြန်လည်တုံ့ပြန် တိုက်ခိုက်နိုင်သည်ဟု အမေရိကန် ထောက်လှမ်းရေးနှင့် အကြမ်းဖက်ဆိုင်ရာ ကျွမ်းကျင်သူများက ယုံကြည်ထားကြောင်း ဝါရှင်တန်ပို့စ် သတင်းစာက တနင်္ဂနွေနေ့တွင် ရေးသားသည်။

အီရန်က အီရတ်နိုင်ငံအတွင်းရှိ အမေရိကန်များကို ပစ်မှတ်ထား၍ တိုက်ခိုက်နိုင်မည်ဖြစ်ပြီး အမေရိကန်၊ ဥရောပနှင့် အခြားနေရာများရှိ အရပ်သားများကို ပစ်မှတ်ထားကာ တိုက်ခိုက်နိုင်သည်ဟု အမေရိကန်မှ ကျွမ်းကျင်သူများကို ကိုးကား၍ အဆိုပါသတင်းစာက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုက စစ်ရေးအရ အီရန်ကို တိုက်ခိုက်ခဲ့လျှင် အီရန်က အကြမ်းဖက်တိုက်ခိုက်မည်ဟု မည်သည့် အထောက်အထားများကို ကြည့်ရှုဖော်ပြသည်ဆိုသည့် ကိစ္စအပေါ် အမေရိကန်တစ်ဝန်းရှိ ပုဂ္ဂိုလ်များက ဆွေးနွေးလိုစိတ် မရှိကြပေ။

သို့ရာတွင် အီရန်က ထောက်ခံထားပြီး သို့တည်းမဟုတ် ထိန်းချုပ်ထားသည့် အုပ်စုများဖြစ်သည့် အီရန် ထောက်လှမ်းရေးဌာန၊ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် တော်လှန်ရေးအစောင့်တပ်များ၊ လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာ ပြောက်ကျားများကို ကောင်းမွန်စွာ ဖွဲ့စည်းလေ့ကျင့်ပြီး ၂၀၀၁ ခုနှစ် စက်တင်ဘာ တိုက်ခိုက်မှုပြုလုပ်ခဲ့သည့် အယ်လ်ခိုင်ဒါကွန်ရက်ထက် လက်နက်ပစ္စည်းပစ္စယများ ပိုမိုတပ်ဆင်ပေးထားသည်ဟု ၎င်းကျွမ်းကျင်သူများက ယူဆထားကြသည်။

ဟစ်ဇ်ဘိုလာ အကြမ်းဖက်အဖွဲ့အစည်းက ယင်း၏လုပ်ငန်းကို တိုးချဲ့ထားပြီး အထူးပြင်ဆင်မှုများ ပြုလုပ်စရာမလိုဘဲ အကြမ်းဖက်သမားများကို ဖြန့်ကြက်ထားနိုင်သည်ဟု အဆိုပါ သတင်းစာက အမေရိကန်နိုင်ငံခြားရေးဌာနမှ အကြမ်းဖက်တိုက်ခိုက်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးဖြစ်သူ ဟင်နရီ အေကရမ်တွန်ကို ကိုးကား၍ ရေးသားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျပန်နိုင်ငံ ချီဘာမြို့၌ ကျင်းပသည့် ၂၀၀၆ ခုနှစ် ခွေးပြပွဲတွင် အိမ်မွေးခွေးများ ပြသနေသည်ကို ဧပြီ ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် လေဆိပ်လုံခြုံရေးနှစ်ဦး ကိုကင်းမူးယစ်ဆေးဝါး အမှုတွင်ပါဝင်

ဟူစတန် ဧပြီ ၄

အမေရိကန်လေဆိပ်လုံခြုံရေးနှစ်ဦးက ၎င်းတို့၏ အရိုန်အဝါများသုံး၍ လေဆိပ်လုံခြုံရေးမှ ကင်းလွတ်ခွင့်ရရှိစေရန် ဆောင်ရွက်ခဲ့ပြီး ကိုကင်းမူးယစ်ဆေးဝါး မှောင်ခိုထုတ်ရန် ကြံစည်ခဲ့ရာတွင် အပြစ်ရှိကြောင်း တနင်္လာနေ့က ဝန်ခံလိုက်ကြရာ ယင်းပြစ်မှုဖြင့်ထောင်ကျခံရမည်ဖြစ်ကြောင်း အမေရိကန်အစိုးရရှေ့နေများက ပြောကြားသည်။

အသက် (၃၈)နှစ်ရှိ ရွှန်းရေငယင်နှင့် အသက် (၃၂)နှစ်ရှိ ဘာလီရှိလာတို့သည် ဖေဖော်ဝါရီလအတွင်းက ပြုလုပ်ခဲ့သည့် မူးယစ်ဆေးဝါးနှိမ်နင်းရေးလှုပ်ရှားမှုတွင် အဖမ်းခံခဲ့ရခြင်းဖြစ်သည်။ ၎င်းတို့က ကိုကင်း၁၅ကီလို(၃၃ပေါင်)ကို ဟူစတန်မှ နီဗာဒါးပြည်နယ် လတ်စ်ဗီးဂတ်စ်မြို့သို့ ဒေါ်လာ ၇၅၀၀၀ ဖြင့် သယ်ယူကြရန် သဘောတူညီခဲ့ကြသည်။

ဟူစတန်တွင်နေထိုင်သူ ရေငယင်သည် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုတွင် ပါဝင်ပတ်သက်သည်ဟု သတင်းပေးတစ်ယောက်က အာဏာပိုင်များထံသို့ သတင်းပေးပို့ခဲ့ပြီးနောက် မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

၎င်းတို့နှစ်ဦးသည် ကိုကင်းမူးယစ်ဆေးဝါးများ ပိုင်ဆိုင်ဖြန့်ဖြူးခဲ့ကာ လာဘ်ပေးလာဘ်ယူကိစ္စများ ကျူးလွန်ခဲ့ရာတွင် ပူးပေါင်းကြံစည်ခဲ့သည်ဟု ဝန်ခံလျှောက်ထားကြကြောင်း အမေရိကန်တရားသူကြီးက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းသို့မူးယစ်ဆေးဝါးမှောင်ခိုထုတ်ရာတွင် ပူးပေါင်းကြံစည်မှုအရ တစ်သက်တစ်ကျွန်းကျပြီး လာဘ်ပေးလာဘ်ယူမှုအရ ထောင်ဒဏ် ၁၅နှစ်ကျခံရမည်ဖြစ်သည်။ ဇူလိုင် ၁၀ ရက်တွင် အမိန့်ချမှတ်မည်ဟု တရားသူကြီး ဒီဂါဘရီလီက ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

စွန်လွှတ်ကစားခြင်းကြောင့် လူသေဆုံးမှုဖြစ်ပွား တားမြစ်သည့်ဥပဒေ ပါကစ္စတန်၌ ပြဋ္ဌာန်း

အစ္စလမ္မာဘတ် ဧပြီ ၅

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသမှ ဥပဒေပြုကိုယ်စားလှယ်များသည် ထိုဒေသတွင် စွန်လွှတ်ကစားခြင်းကို တားမြစ်သည့်ဥပဒေတစ်ရပ်ကို ဧပြီ ၄ရက်က ပြဋ္ဌာန်းခဲ့ကြကြောင်း ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးက ပြောကြားသည်။

အနောက်မြောက် နယ်စပ်ဒေသပြည်နယ်ကိုယ်စားလှယ်များကစွန်လွှတ်ကစားခြင်းကို တားမြစ်သည့်ဥပဒေကြမ်းကို တစ်ညီတစ်ညွတ်တည်း အတည်ပြုကာ ဥပဒေအဖြစ် ပြဋ္ဌာန်းပေးလိုက်ခြင်းဖြစ်သည်ဟု ပြည်နယ်အစိုးရအဖွဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး ဆာဒါမိုဟာမက်ဒါရက်က ပြောကြားသည်။

အလားတူဥပဒေကို ပါကစ္စတန်နိုင်ငံ အရှေ့ပန်ဂျပ်ပြည်နယ်ကလည်း မကြာသေးမီက အတည်ပြုခဲ့ပြီးဖြစ်သည်။ မှန်စာများ၊ သတ္တုများဖြင့် အားဖြည့်ကာ ပြုလုပ်ထားသော စွန်ကြိုးဖြင့် စွန်လွှတ်ကစားခဲ့ကြရာမှ မှန်စာကြိုးကြောင့် လူခုနစ်ဦး အသက်ဆုံးခဲ့ရသော အဖြစ်အပျက် ပေါ်ပေါက်ခဲ့ရပြီးနောက် စွန်လွှတ်ခြင်းကို တားမြစ်သည့်ဥပဒေ ထွက်ပေါ်လာရခြင်းဖြစ်သည်။

အနောက်မြောက်ဒေသတွင်စွန်လွှတ်သည့် ကစားနည်းမှာ လူကြိုက်များသော ကစားနည်းတစ်ခုမဟုတ်ပေ။ သို့ရာတွင် ပန်ဂျပ်ပြည်နယ်လာဟိုမြို့တော်ဒေသ၌မူ စွန်လွှတ်ခြင်းကို နှစ်ခြိုက်စွဲလမ်းစွာ ကစားလေ့ရှိသည်။ နှစ်စဉ်မတ်၁၂ရက်မှ ၁၃ရက်အထိ စွန်လွှတ်ပွဲတော်ကို ကျင်းပလေ့ရှိသည်။

လာဟိုဒေသမှ လူများအသုံးပြုသော သတ္တုပါသည့်စွန်ကြိုးများနှင့် ဓာတ်ကြိုးများ ထိမိသောအခါ လူ့အသက်ဆုံးရသည့်မတော်တဆမှုများ ဖြစ်ပွားခဲ့ရသည်။ အနောက်မြောက်နယ်စပ်ပြည်နယ်တွင် စွန်လွှတ်ခြင်းကို တားမြစ်သည့် ဥပဒေထုတ်ပြန်ရခြင်းမှာ လူ့အသက်ဆုံးရသည့် မတော်တဆမှုများ မပေါ်ပေါက်စေရန် ရည်ရွယ်ကြောင်း ဝန်ကြီး အိုင်ဒါရက်က ပြောကြားသည်။

ထိုဥပဒေက တားမြစ်ထားသည်မှန်သော်လည်း နွေဦးရာသီကာလတွင် စွန်လွှတ်နိုင်ခွင့်ကို ၁၅ရက်တာအခွင့်ပေးထားသောခြွင်းချက်ကိုလည်း ထည့်သွင်းထားကြောင်းသိရသည်။ သို့ရာတွင် စွန်လွှတ်လိုသူများနှင့် စွန်လွှတ်ခြင်းနှင့် သက်ဆိုင်သည့် ပစ္စည်းပစ္စယ ရောင်းချသူများသည် သက်ဆိုင်ရာအာဏာပိုင်များထံတွင် မှတ်ပုံတင်ပြီးမှသာ ရောင်းချခြင်း၊ စွန်လွှတ်ခြင်းများကို ပြုလုပ်ခွင့်ရကြမည်ဖြစ်သည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် သတ္တုပါသော မှန်စာကြိုးများ ရောင်းချခြင်း၊ အသုံးပြုခြင်းများကို တားမြစ်သွားနိုင်မည်ဖြစ်သည်ဟု ဆိုသည်။ ***အင်တာနက်။***

အမေရိကန်နိုင်ငံ ဘော်စတွန်မြို့ရှိ ငြိမ်းစင်ပြိုကျသွားသော အဆောက်အအုံတစ်ခုကို ဧပြီ ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကိုမှ ကလေးငယ်များ မတရားခိုင်းစေခံရ

မက္ကဆီကိုစီးတီး ဧပြီ ၄

မက္ကဆီကိုနိုင်ငံမှ ကလေးငယ်တစ်သန်းနီးပါးသည် အမေရိကန်ပြည်ထောင်စုမှ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အမြတ်ထုတ်ခံနေရကြောင်း မက္ကဆီကို ဥပဒေပြုအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဖရန်စစ္စကိုမိုရာ စီပရက်စ်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

၎င်းကလေးငယ်များသည် တစ်နေ့လျှင် ရှစ်နာရီကျော်သည်အထိ လုပ်ငန်းလုပ်ကိုင်ရပြီး အန္တရာယ်ရှိသည့် ဓာတုဗေဒဆေးဝါးများဖြင့် ထိတွေ့လုပ်ကိုင်နေကြရကြောင်း စသည်ဖြင့် မက္ကဆီကိုကလေးငယ်များ၊ အရွယ် ရောက်သူများနှင့် မိသားစုဆိုင်ရာ အထူးကော်မရှင်၏ အကြီးအကဲဖြစ်သူ မိုရာက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဩစတြီးယားနိုင်ငံ ဒန်ကရုတ်ကျေးရွာတွင် ရေဘေးကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေသည်ကို ဧပြီ ၃ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ - အင်တာနက်)

ဆိုက်ပရပ်စ်သင်္ဘောများကို တူရကီက ပိတ်ပင်မှု အကြီးမားဆုံးပြဿနာဖြစ်နေဟု ဆိုက်ပရပ်စ်ပြောကြား

နီကိုးရှား ဧပြီ ၄

တူရကီအစိုးရက ဆိုက်ပရပ်စ်နိုင်ငံမှ သင်္ဘောများကို ပိတ်ပင်နေမှုသည် ဆိုက်ပရပ်စ်သင်္ဘောကုန်တင်ပို့မှု လုပ်ငန်းအတွက် ပြဿနာတစ်ရပ်ဖြစ်နေကြောင်း ဒေသဆိုင်ရာ မီဒီယာက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

တူရကီအစိုးရက ယင်းသို့ ပိတ်ပင်မှုကြောင့် လွန်ခဲ့သည့်နှစ်အတွင်း သင်္ဘောများရာချီ၍ ဆိုက်ပရပ်စ် ပြင်ပနိုင်ငံများသို့ မှတ်ပုံတင်ကာ အလံလွှင့်ထူခွင့်ရရှိစေရန် ဆောင်ရွက်ခဲ့ရပြီး ရာချီရှိသည့် သင်္ဘောများ ဆိုက်ပရပ်စ် မှတ်ပုံတင်ခွင့်မရရှိခဲ့ကြကြောင်း ဆိုက်ပရပ်စ်သင်္ဘောကုန်တင်လုပ်ငန်းကောင်စီ(စီအက်စ်စီ)ဥက္ကဋ္ဌ ဒရော့ဆီယော့တီက ပြောကြားသည်။

တူရကီနိုင်ငံက ဆိုက်ပရပ်စ်အပါအဝင် ဥရောပသမဂ္ဂဝင်၁၀နိုင်ငံနှင့် အခွန်စာချုပ်လက်မှတ်ရေးထိုးပြီးသည့်နောက်ပိုင်း အဆိုပါပြဿနာသည် ဥရောပသမဂ္ဂအတွက် ပြဿနာတစ်ရပ်ဖြစ်လာနေပြီဟု ၎င်းက ပြောကြားသည်။

ကြိုဆို

ဆိုက်ပရပ်စ်မှ သင်္ဘောများအပေါ် ပိတ်ပင်ထားမှုကို ၂၀၀၆ ခုနှစ်အတွင်း ရုပ်သိမ်းရန် ဥရောပသမဂ္ဂက အောက်တိုဘာလအတွင်းက ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် ရှင်းရှင်းလင်းလင်း ဖော်ပြထားမှုကို စီအက်စ်စီ ဥက္ကဋ္ဌက လက်ကမ်းကြိုဆိုလိုက်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အမေရိကန်၌ မုန်တိုင်းတိုက်ခတ်၊ လူ ၂၃ ဦးသေဆုံး

ဝါရှင်တန် ဧပြီ ၄

အမေရိကန်ပြည်ထောင်စု အနောက်အလယ်ပိုင်းဒေသ ပြည်နယ်ရှစ်ခုတွင် တနင်္ဂနွေနေ့က မုန်တိုင်းတိုက်ခတ်မှုကြောင့် လူ ၂၃ ဦးထက်မနည်း သေဆုံးခဲ့ပြီး လူဒါဇင်ချီ၍ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စီအင်အင်သတင်းဌာနက ဖော်ပြသည်။

သေဆုံး

တင်နက်ဆီပြည်နယ်သည် ယင်းမုန်တိုင်းတိုက်ခတ်မှုကို ဆိုးဆိုးရွားရွား အခံရဆုံးပြည်နယ်တစ်ခုဖြစ်ခဲ့ပြီး ခရိုင်ငါးခုတွင် လေဆင်နှာမောင်းတိုက်ခတ်သဖြင့် လူ ၁၉ ဦး သေဆုံးခဲ့ရသည်။ ဂစ်ဘဆင်ခရိုင် တစ်ခုတည်းမှာပင် ခန့်မှန်းခြေအဆောက်အအုံ ၁၂၀၀ ခန့် ပျက်စီးခဲ့သည်ဟု ယင်းသတင်းဌာနက ဆက်လက်ဖော်ပြသည်။

ဆိုးရွားပြင်းထန်သည့် မုန်တိုင်းနှင့်အတူ လေဆင်နှာမောင်းများဖြစ်ပေါ်လာကာ အိုင်အိုဝါ၊ ကင်တပ်ကီ၊ အာကင်ဆပ်၊ မစ်ဆူရီ၊ အိုဟိုင်ယို၊ အီလီနွိုက်စ်နှင့် အင်ဒီရာနာဒေသတို့တွင် တိုက်ခတ်သွားခဲ့သည်။

တိုက်ခတ်နိုင်

လေပြင်းတိုက်ခတ်မှုကြောင့် မစ်ဆူရီဒေသတွင် လူသုံးဦးထက်မနည်းသေဆုံးခဲ့ပြီး အီလီနွိုက်စ်ဒေသတွင် မုန်တိုင်းတိုက်ခတ်သဖြင့် စတိုးဆိုင်တစ်ခု ပြိုလဲကျမှုဖြစ်ပွားခဲ့သဖြင့် နောက်ထပ်လူတစ်ဦးသေဆုံးခဲ့သည်။

အမေရိကန် အမျိုးသားရာသီဥတုခန့်မှန်းရေးဌာနက လေဆင်နှာမောင်း ၆၃ ခု တိုက်ခတ်နိုင်သည့် သတင်းများ ပဏာမရရှိထားသည်ဟု ပြောကြားသည်။

ပျက်စီး

လေဆင်နှာမောင်း ခြောက်ခု အာကင်ဆပ်ဒေသတွင် တိုက်ခတ်ခဲ့ပြီး လေဆင်နှာမောင်းတစ်ခု မာမာဂျူဒေသတွင် တိုက်ခတ်ခဲ့သဖြင့် မြို့ထက်ဝက်နီးပါး ပျက်စီးခဲ့သည်။

မစ်ဆူရီဒေသရှိ ကာရူသာစဗီးမြို့တွင်လည်း လေဆင်နှာမောင်း အတိုက်ခတ်ခံရသည်။ သို့ရာတွင် လူသေဆုံးမှုမရှိဟု သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ချက်နိုင်ငံ ဗာလ်တာဗိုမြို့အနီးရှိ မာလူဘိုကာရေအိုင်အတွင်း သေနေသော ကြက်ငှက်များကို တုပ်ကွေးရောဂါပိုးရှိမရှိ စစ်ဆေးရန်အတွက် ဆယ်ယူနေသော ဝန်ထမ်းနှစ်ဦးကို ဧပြီ ၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှငွေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့ ကျောက်တံတားမြို့နယ် အနော်ရထာလမ်း ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တွင်းလမ်းများ အဆင့်မြှင့်ခင်းကျင်းခြင်းလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့တွင်း ဆောင်ရွက်လျက်ရှိသည့် လမ်းများ အဆင့်မြှင့် ခင်းကျင်းခြင်းလုပ်ငန်းကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်မှူးချုပ် လှငွေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၆နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းသို့ရောက်ရှိပြီး ဦးချစ်မောင်လမ်းအား ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ဒဂုံမြို့နယ် ဦးထောင်ဘိုလမ်း၊ ကျောက်တံတားမြို့နယ် အနော်ရထာလမ်းတို့အား ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှုနှင့် လသာမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ကမ်းနားလမ်းကြား ၁၇လမ်းနှင့် ၁၈လမ်း၏ နောက်ဖေးလမ်းကြား သန့်ရှင်းသပ်ရပ်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းရှင်များကိုယ်တိုင် တိုက်ရိုက်လာရောက်ရောင်းချပေးခြင်း၊ ဆိုင်ခန်းများအတွက် အခွန်အခပေးစရာမလိုဘဲ ဦးရာလူစနစ်ဖြင့် ရောင်းချနိုင်ခြင်းတို့ကြောင့် စားသုံးသူ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်အောင် စနစ်တကျ စီမံဆောင်ရွက်ကြရန် မှာကြားပြီး ဈေးရောင်းချသူ၊ ဈေးဝယ်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ဗုဒ္ဓဂယာတွင် သာသနာပြု ကုသိုလ်ယူနိုင်

ရန်ကုန် ဧပြီ ၅

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြန်မာကျောင်းတွင် သီတင်းသုံးတော်မူသည့် အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တဉာဏိန္ဒ ဆရာတော်ကြီးသည် မဇ္ဈိမဒေသတွင် ဗုဒ္ဓသာသနာတော် အရှည်တည်တံ့ပြန့်ပွားစေရန်နှင့် ဘုရားဖူးများ အဆင်ပြေမှုရှိစေရန် စီစဉ် ဆောင်ရွက်လျက်ရှိသည်။

ဗုဒ္ဓဂယာ မြန်မာကျောင်းမှ မဟာဗောဓိပင်ကြီးသို့ ၁၀မိနစ်ခန့် လမ်းလျှောက်ရုံဖြင့် ရောက်ရှိနိုင်ခြင်းကြောင့် မြန်မာနိုင်ငံမှ မဇ္ဈိမဒေသ ဘုရားဖူးများ လာရောက်တည်းခိုကြပြီး ဘုရားဖူးများပြားချိန်တွင် တည်းခိုရန် နေရာ အခက်အခဲနှင့်ကြုံကြရသည်။

ဘဒ္ဒန္တဉာဏိန္ဒ ဆရာတော်ကြီးသည် ကျောင်းနှင့်ကပ်လျက် မြေနှစ်ကေကို အလှူခံယူခွင့် ရရှိထားရာ သာသနာပြု ကုသိုလ်ယူလိုသူ အလှူရှင်များအနေဖြင့် တစ်ပေပတ်လည် မြေတစ်ကွက် လျှင် ကျပ်နှစ်ထောင်နှုန်းဖြင့် မြန်မာနိုင်ငံ ဗုဒ္ဓဂယာ မြန်မာကျောင်း ကျောင်းလမ်း မြေနီကုန်း စမ်းချောင်း (ဒဂုံစင်တာနှင့် ကျောချင်းကပ်လျက်) ဖုန်း-၅၃၇၅၉၇ နှင့် ၇၂၆၁၃၉ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မုံလယ်တောရဓမ္မရိပ်သာ သင်္ကြန်တရားစခန်း

ရန်ကုန် ဧပြီ ၅

ပဲခူး ၁၀မိုင်ကုန်း မုံလယ်တောရဓမ္မရိပ်သာ ခုနစ်ရက် တရားစခန်းကို တန်ခူးလပြည့်နေ့မှ တန်ခူးလပြည့်ကျော် ၈ရက်အထိ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သံဝရ မုံလယ်ဆရာတော်ကြီး ကိုယ်တိုင် တရားချီးမြှင့်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများ ဧပြီ ၁၂ရက် ညနေအရောက် ကြွရောက်ပါရန် နှိုးဆော်ထားပြီ ဖုန်း-၂၄၇၅၇၆၊ ၅၂၆၄၁၈၊ ၅၄၀၈၀၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

၂၀၀၆-ခုနှစ်၊ ဧပြီလ (၇)ရက်

ကမ္ဘာ့ကျန်းမာရေးနေ့
WORLD HEALTH DAY

ကျန်းမာစွမ်းအား ဖွံ့ဖြိုးဖို့ လက်တွဲပါဝင်ဆောင်ရွက်စို့

WORKING TOGETHER FOR HEALTH

ကျန်းမာရေးဝန်ကြီးဌာန

စာရင်းစစ်ချုပ်ရုံး မိသားစု စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဧပြီ ၅

စာရင်းစစ်ချုပ်ရုံး စေတနာရှင် သွေးလှူရှင်များအဖွဲ့က ကြီးမှူး၍ စာရင်းစစ်ချုပ်ရုံး ဝန်ထမ်းမိသားစုများ၏(၁၃) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၁၀နာရီတွင် အမျိုးသား သွေးဌာန၌ ကျင်းပရာ သွေးလှူရှင် ၅၀ သွေးလှူဒါန်းကြသည်။

စုပေါင်းသွေးလှူဒါန်းပွဲသို့ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းအေး၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက သွေးလှူရှင် ဝန်ထမ်းများအား အားပေးစကား ပြောကြားသည်။

ရန်ကုန်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာ၊ အမျိုးသားသွေးဌာန တာဝန်ခံ ဒေါက်တာ သီတာအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များကလည်း သွေးလှူရှင်များကို အားပေးကူညီကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ ရွာသာကြီးကျေးရွာ အလက(၄)တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော ၂၀၀၆ခုနှစ် သက်ကြီးစာမတတ်သူ ပပျောက်ရေးနှင့်စာဖတ်ရှိန် မြှင့်တင်ရေးသင်တန်းသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့်အဖွဲ့ဝင်များ မတ် ၂၈ရက်တွင် စာအုပ်နှင့် စာရေးကိရိယာလှူဒါန်းပြီး ကြည့်ရှုအားပေးစဉ်။ (က-ပ)

လှူဒါန်း

ကွယ်လွန်သူ မိဘနှစ်ပါးအား ရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ် သိပ္ပံလမ်း အမှတ် (၂၉)နေ ဒေါ်မြနွယ်နှင့် သမီး ဒေါ်မြင့်မြင့်၊ ခင်ရူပါချော၊ ဦးဝင်းမြင့်အောင်တို့က နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ အလှူငွေကျပ် ၁၀၁၀၀၀ ကိုလှူဒါန်းရာ အသင်း ဒု-ဥက္ကဋ္ဌ ဦးကျော်သူနှင့် ဇနီး လက်ခံယူစဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၄-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ ဗိုလ်မြတ်ထွန်းတံတား
၈:၂၀ ၈။ ခါသင်္ကြန်အဆိုအကများ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၀ ၄။ တေးဂီတအစီအစဉ်
၄:၅၅ ၅။ **အဓေးသင်တက္ကသိုလ်**
ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-တတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
၅:၁၀ ၆။ တေးဂီတအစီအစဉ်
၅:၂၅ ၇။ **"အားနာလိုက်တာ" မော့စ်၊ကျော်ဇာနည်လှိုင်၊ နန်းကလျာလှိုင်၊ (ဒါရိုက်တာ-စောစန္ဒာလှိုင်)**
၅:၃၀ ၈။ ခါသင်္ကြန်အဆိုအကများ
၅:၄၅ ၉။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ အရေးပြိုင်ပွဲ
၆:၄၀ ၁၃။ ခါသင်္ကြန်အဆိုအကများ
၆:၅၅ ၁၄။ စည်းကမ်းထိန်းသိမ်း စောင့်ရှောက်ပါ မြန်မာ့ရိုးရာမဟာသင်္ကြန်မှာ
၇:၁၅ ၁၅။ အတီးပြိုင်ပွဲ
၇:၂၅ ၁၆။ ခါသင်္ကြန်အဆိုအကများ
၇:၃၅ ၁၇။ တေးဂီတအစီအစဉ်
၇:၄၅ ၁၈။ **"ဝင်ငွေတိုး၍ဒေသဖွံ့ဖြိုးစေမည်ဆင်းရွှေလီ"(အပိုင်း-၁၀)**
၈:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီအိပ်မက်"(အပိုင်း-၂၁)**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၄-၂၀၀၆ (ကြာသပတေးနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ အမည်မဲ့(၂)ပန်းချီပြပွဲ
၇:၂၅ ဝါသနာရှင်စင်မြင့် (ခန့်စည်သူ၊ခင်ဘုဏ်း)
၈:၀၀ Star Album (ဦးကြည်စိုးထွန်း၊ရွှေသွေး၊ ချမ်းသာကြည်စိုးထွန်း)
၈:၃၅ ခါသင်္ကြန်အဆိုအက
၈:၄၀ ကျင်းသာရေလှောင်တမံ
၈:၅၀ ပြည်တွင်းသတင်းအကျဉ်း
၉:၀၀ ခါသင်္ကြန်အဆိုအက
၉:၀၅ မိုးလေဝသခန့်မှန်းချက်
၉:၁၀ Say it in English
၉:၂၀ ခါသင်္ကြန်အဆိုအက
၉:၂၅ စောင့်ရှောက်ခြင်းသည် ဒို့တာဝန်၊ စောင့်ရှောက်ခြင်းသည် မျှဝေမှု
၉:၄၅ နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀ ခါသင်္ကြန်အဆိုအက
၉:၅၅ မြန်မာ့ရင်းနှီးမြှုပ်နှံရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဘဏ်
၁၀:၀၅ မြူးတူးပျော်ရွှင် သင်္ကြန်ဖက်ရှင်
၁၀:၃၀ ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၀ ဆေးလိပ်အန္တရာယ်
၁၀:၅၀ ခါသင်္ကြန်အဆိုအက
၁၀:၅၅ Management Talk (ဦးမျိုးမြတ်သူ၊ ဒေါက်တာခင်စန်းရီ)
၁၁:၃၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀ ခါသင်္ကြန်အဆိုအက
၁၁:၄၅ စိုက်ပျိုးဖို့လွယ်ကူစေမှာ ကောက်ရိုးမှိုပါ
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည (၂၃:၀၀)နာရီအထိ (၃)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းတွမ်းမြို့၌ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိစစ်သည် မိသားစုဝင်များအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

❍ စိုက်ပျိုးရေးမှ

ရောင်းချနိုင်သည်အထိ အစ၊ အလယ်၊ အဆုံး စနစ်တကျ ရှိစေရေးအတွက် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများက အသိပညာပေးခြင်း၊ နည်းစနစ်များ ပြသပေးခြင်း၊ လိုအပ်သည်များ ပံ့ပိုးကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းများကို ယခုကတည်းက အစီအမံများ ချမှတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် နေရာဒေသမရွေး စိုက်ပျိုးဖြစ်ထွန်းနိုင်ပြီး စိုက်ပျိုးသူအပါအဝင် နိုင်ငံတော်ပါ အကျိုးရှိမည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကို ဒေသခံတိုင်းရင်းသား ပြည်သူများစိတ်ပါဝင်စားပြီး ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာကြစေရန် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များက လက်တွေ့သရုပ်ပြစည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့များကို ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တပ်နယ်မိသားစုဝင်များအား ဝေငှပေးအပ်ပြီး တိုင်းမှူးနှင့်အတူ ကြက်ဆူပင် ပျိုးထောင်ပွဲအထိမ်းအမှတ်အဖြစ် ကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တက်ရောက်လာကြသူများ၏ စိုက်ကွင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့များနှင့် မျိုးကိုင်းများ ပျိုးထောင်စိုက်ပျိုးနေမှုများနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ခြံစည်းရိုးကြက်ဆူသီးမှ ဇီဝဒီဇယ်ဆီထုတ်လုပ်မှု၊ ယင်းဇီဝဒီဇယ်ဆီဖြင့် စက်များလက်တွေ့မောင်းနှင်သရုပ်ပြသမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ၂၀၀၆ ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူပင် စုစုပေါင်း ၁၄၈၁၀၅ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ၅၅၄၂ ဧက စိုက်ပျိုးပြီးဖြစ်၍ မျိုးစေ့၊ပျိုးပင်၊ မျိုးကိုင်း ၂၅၇၀၀၀၀ကျော် ပျိုးထောင်ထားရှိပြီးဖြစ်ကြောင်းနှင့် လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ကျိုင်းတုံမြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာ၍ ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်-မိုင်းဆတ်-မိုင်းတုံ လမ်းပိုင်း အခြေအနေများကို လည်းကောင်း၊ ပတ်ဝန်းကျင်ရှိ နွေစပါးစိုက်ခင်းများနှင့် ရော်ဘာစိုက်ခင်းများကို လည်းကောင်း၊ ဒေသဖွံ့ဖြိုး တိုးတက်မှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီးနောက် ပုံပါကျင်မြို့နယ် နားကောင်းမူကျေးရွာနှင့် မိုင်းတွမ်းမြို့တို့၌ နယ်မြေခံ တပ်ရင်း၊တပ်ဖွဲ့များမှ အရာရှိစစ်သည် မိသားစုဝင်များအား တွေ့ဆုံမှာကြား၍ ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့သည် ပင်လယ်ရေမျက်နှာပြင် အထက် ၂၇၁၆ပေရှိ မိုင်းခုတ်မြို့သို့ရောက်ရှိပြီး မြို့နယ်အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ မိုင်းခုတ်တပ်နယ်ရှိ မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးခဲ့သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ပွဲအထိမ်းအမှတ်အဖြစ် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

မုဒုံမြို့နယ် ဘိုးဘွားရိပ်သာရှိ ငွေကျပ် ၇၉သိန်း အကုန်အကျခံ တည်ဆောက်ပြီးစီးခဲ့သည့် အဘွားတိုးချဲ့ဆောင်သစ် တည်ဆောက်မှု လုပ်ငန်းများအတွက် လှူဒါန်းခဲ့သော အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို မတ် ၁၂ရက်က ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အလှူရှင်များကိုယ်စား အလှူရှင် ဦးစန်းလှိုင်အား ဂုဏ်ပြုလွှာပေးအပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

ရခိုင်ပြည်နယ်မော်ကွန်း ထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသော (၁၉)ကြိမ်မြောက် ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာပွဲနှင့် သာသနာနုဂ္ဂဟဘွဲ့ရ ပုဂ္ဂိုလ်လေးဦးတို့အား ဂုဏ်ပြုချီးကျူးပွဲကို မတ် ၁၄ရက်က ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီးရှိ ရခိုင်ပြည်နယ်မော်ကွန်း၌ ကျင်းပရာ မော်ကွန်းဂေါပကအဖွဲ့ ဒုတိယနာယကချုပ် ဦးမင်းကြည်က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုတံဆိပ်များ ပေးအပ်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၄-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်းရောဂါအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၅ ၈။ ခါသကြံန်အဆိုအကများ
၇:၅၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်းရောဂါအစွမ်း
၄:၁၅ ၄။ မျိုးချစ်တပ်မတော်
၄:၂၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၆။ ခါသကြံန်အဆိုအကများ
၄:၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၉။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၀၀ ၁၀။ မျိုးချစ်တပ်မတော်
၅:၂၀ ၁၁။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၃၀ ၁၂။ ခါသကြံန်အဆိုအကများ
၅:၄၅ ၁၃။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၅။ နိုင်ငံတကာသတင်း
၆:၂၀ ၁၆။ မိုးလေဝသသတင်း
၆:၂၅ ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၈။ **ကာတွန်းအစီအစဉ် ပါကျဲ (အပိုင်း-၂၆) (ဇာတ်သိမ်း)**
၆:၅၀ ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့ အိမ်ကလေး" (အပိုင်း-၁၃)**
၈:၀၀ ၂၁။ မြဝတီရုပ်မြင်သံကြားသတင်း
၂၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားစီရင်ထုံး" (အပိုင်း-၂၂)**
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ယာဉ်အန္တရာယ်လျော့နည်းကျဆင်းရေးအတွက် မြို့တော်ရန်ကုန်ရှိ ဆူးလေဘုရားလမ်းမီးပွိုင့်တွင် ခရီးသွားပြည်သူများ လူကူးမျဉ်းကျားမှ စနစ်တကျဖြတ်ကူးနိုင်ရန် ဧပြီ ၅ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။ (ကြေးမုံ)

မီးသတ်စခန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် တွံတေးနှင့် ဒလမြို့နယ် မီးသတ်စခန်းများသို့ သွားရောက်၍ မီးသတ်စက်ယာဉ်များ ကြံ့ခိုင်မှု၊ မီးဘေးကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှု၊လျှပ်စစ်နှင့်လောင်စာဆီသုံးစွဲမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မီးသတ်တပ်ဖွဲ့ဝင်များ စည်းကမ်းကောင်းမွန်ရေး၊ အသင့်ရှိစေ ရေးတို့အတွက် အသေးစိတ်မှာကြားသည်။

အဆိုပါခရီးစဉ်အတွင်း လူမှုဝန်ထမ်းဦးစီးဌာန တွံတေး အမျိုးသမီးပြုစုစောင့်ရှောက်ရေးဌာနအတွင်း မီးသတ်တပ်ဖွဲ့ဝင်များကူညီဆောင်ရွက်နေသည့် စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုအားပေးကာ အမျိုးသမီးများအတွက် လှူဒါန်းငွေများ ပေးအပ်သည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ် ဧပြီလအတွက်
(၉-၄-၂၀၀၆)ရက်နေ့
နှင့်
(၃၀-၄-၂၀၀၆)ရက်နေ့

တစ်ခါလာ မဲပြာပုဆိုး

မောင်စေတနာ (B.A, B. Ed)

လူတစ်ယောက်၊ ပုဆိုးကတစ်ထည်တည်း၊ လဲဝတ်စရာမရှိ၊ ကိစ္စဟူသမျှ အသုံးချ၏။ အလှူလည်းဒါ၊ မင်္ဂလာဆောင်လည်းဒါ၊ အိမ်မှာနေလည်းဒါပဲ ဝတ်သည်။ ထို့ကြောင့် အရောင်အဆင်းလုံးဝမရှိ၊ မည်းညစ်စုတ်ပြဲနေ၏။ ဝတ်သူကို ဒါ၀တ်သခင်၊ ပုဆိုးကိုမူ ဆိုရိုးပြုကြ၏။ "တစ်ခါလာမဲပြာပုဆိုး"။

ဗုဒ္ဓဝါဒတွင် နှလုံးသွင်းမှန်ကန်မှုသည် အရေးအကြီးဆုံး၊ နှလုံးသွင်းမှု မှန်ကန်မှ ယထာဘူတအမြင်ရပြီး အပယ်ဘေးမှ လွတ်သည်။ နှလုံးသွင်းမှားခဲ့သော် ကုသိုလ်မှုပြုသည်ဖြစ်စေ၊ အပယ်ဘေးမှ မလွတ်၊ အကုသိုလ်ဖြစ်တတ်၏။ သံသရာလည်၏။ သက္ကာယ မပြုတ်သမျှ၊ လုပ်သမျှဒုက္ခ။

နိုင်ငံရေးတွင်လည်း ထိုနည်းတူစွာ၊ ဂိုဏ်းဂဏဝါဒ(နိုင်ငံရေးသက္ကာယဒိဋ္ဌိ) အစွဲကင်းရ၏။ သို့မှသာ နှလုံးသွင်းမှန်၍ အမြင်မှန်ကိုရမည်။ Liberal အယူအစွဲ၊ အတွေး၊ သုတတို့ဖြင့် ပြုပါက လုပ်သမျှရှုပ်ပွပြီး နိုင်ငံနှင့်လူမျိုးအတွက် **"ဆေး"**မဖြစ်၊ **"ဘေး"** သာဖြစ်မည်။

မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုသည် လစ်ဘရယ်ဒီမိုကရေစီ ထွန်းကားနေသော နိုင်ငံများနှင့် လုံးဝမတူညီပါ။ ယေဘုယျအားဖြင့် တရုတ်၊ ဗီယက်နမ်တို့နှင့်သာ တူညီ၏။ တူညီပုံမှာ သဏ္ဌာန်သာ တူ၏။ ထပ်တူမကျပါ။ ဤအချက်သည် အလွန်အရေးကြီးလှသည်။ မြန်မာနိုင်ငံ၏ တည်ဆဲအစိုးရ (SPDC)သည် ဘယ်လိုအစိုးရမျိုးလဲ၊ ဘယ်လိုဒီမိုကရေစီစနစ် မျိုးကို ဖော်ဆောင်ပေးနေတဲ့ အစိုးရမျိုးလဲ ...ရှင်းရှင်းလင်းလင်းသိရန် လိုအပ်လှသည်။ အကဲဖြတ်ချက်များပါက ခုတ်ရာတခြား၊ ထိရာတခြား ဖြစ်လိမ့်မည်။

ဘယ်လိုအစိုးရမျိုးလဲ

တည်ဆဲအစိုးရသည် အိမ်စောင့်အစိုးရ (Care taker Government)၊ ယာယီအစိုးရ (Provisional Government) ရွေးကောက်ခံအစိုးရ (Elected Government) မဟုတ်ပါ။ ၁၉၈၈ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော အခြေအနေများကြောင့် မလွဲမရှောင်သာဘဲ Coup ပြုလုပ်ပြီး နိုင်ငံတော်တာဝန်ကို လွှဲပြောင်းယူခဲ့ရသည်။ လွှဲပြောင်းရယူပြီးနောက် ယနေ့မြင်တွေ့နေရသော စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးများကို တိုးတက်အောင် ဖော်ဆောင်နေသည်။ ဤအချက်များကြောင့် အမည်အားဖြင့် (SPDC)ဟု ခေါ်ဆိုသော်ငြားလည်း ပေါ်ပေါက်လာပုံနှင့် ဆောင်ရွက်ချက် (Formation of Government and Implementation of New Economical and Political System) အရ တော်လှန်ရေးအစိုးရ (Revolutionary Government) ဖြစ်သည်။

တရားဝင်အစိုးရ

တည်ဆဲအစိုးရသည် တရားဝင်အစိုးရ ဟုတ်/မဟုတ်ကို တရားဝင်ခြင်း (Legality) နှင့် တရားဝင်ပြုမှု (Legalize) ဆိုသော စကားရပ်များ၏ အဓိပ္ပာယ်ကို သိရန်လိုသည်။ အစိုးရတစ်ရပ် တရားဝင်မှုနှင့် တရားဝင်ဖြစ်ခြင်းတို့တွင် အောက်ပါအချက် ငါးခု ပေါင်းစပ်ပါဝင်နေသည်–

၁။ ရွေးကောက်ခံအစိုးရဖြစ်ခြင်း (Elected Government)
၂။ အုပ်ချုပ်ခံရသော လူဦးရေရှိတည်နေခြင်း (Porpulation)
၃။ အချုပ်အခြာအာဏာရှိခြင်း (Sovereignty)
၄။ အုပ်ချုပ်သော နယ်မြေဒေသရှိခြင်း (Territory)
၅။ သံတမန်ဆက်သွယ်ရေးရှိတည်နေခြင်း (Diplomatic Relation)

ဖော်ပြပါအချက်များက အစိုးရတစ်ရပ်ကို Legalize နှင့် Legality ကို ဖြစ်စေပါသည်။ တည်ဆဲအစိုးရ (SPDC) သည် Non-Elected Government ဖြစ်သော်ငြားလည်း ကျန်သောအချက်လေးခုနှင့် အမှန်တကယ်ကိုက်ညီနေသည်။ ထို့ကြောင့် တည်ဆဲအစိုးရသည် တရားဝင်အစိုးရ (Legal Government) ဖြစ်သည်။ ၁၈နှစ်ခန့်ပင် ကြာပြီဖြစ်၏။ ဦးစိန်ဝင်းခေါင်းဆောင်သော (NCGUB) သည် Elected Person များဖြင့် ဖွဲ့စည်းထားသည်ဆိုသော်လည်း ကျန်သောအချက်လေးခုနှင့် ပြည့်စုံခြင်းမရှိပေ။ ထို့ကြောင့် တရားဝင်အစိုးရမဟုတ်။

တည်ဆဲအစိုးရသည် ဖော်ပြပါအတိုင်း တရားဝင်အစိုးရဖြစ်ပြီး ဖြစ်နေ၏။ ၎င်းကို တရားဝင်အစိုးရဖြစ်စေရန်အတွက် NLDပါတီက De jure ပြုလုပ်ပေးရန် ကြိုးပမ်းအားထုတ်မှုမှာ မရောင်ရာ ဆီလူးမှုနှင့် ရွှေညာဏ်တော် စူးရောက်လွန်းခြင်းသာဖြစ်သည်။ အချိန်မှာ အလွန်နှောင်းခဲ့ချေပြီ၊ ကလေးတစ်ဒါဇင်ကျော်မွေးပြီးခါမှ မင်္ဂလာ ဆောင်ပေးရန် စိတ်ကူးမျိုး၊ ထို့ပြင် တည်ဆဲအစိုးရမှာ အမျိုးသားအစိုးရ (National Government) သာဖြစ်၏။ ဒီမိုကရေစီအစိုးရ (Democratic Government) မဟုတ်သေးပါ။

အမျိုးသားအစိုးရဆိုတာဘာလဲ

အမျိုးသားအစိုးရဆိုသည်မှာ နိုင်ငံခြားသားမဟုတ်ဘဲ နိုင်ငံသူနိုင်ငံသား စစ်စစ်တို့က အုပ်ချုပ်ရုံလောက်ဖြင့် အမျိုးသားအစိုးရဟု မသတ်မှတ်နိုင်။ နိုင်ငံအတွင်းရှိ လူမျိုးဘာသာမရွေး နိုင်ငံသားအားလုံးတို့၏ အခြေခံလိုအပ်ချက် (Basic Need) ဖြစ်သော တစ်မျိုးသားလုံးစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စကိုသာလျှင် ဦးစားပေး (Priority) လုပ်ဆောင်ပေးသော အစိုးရမျိုးကိုသာ အမျိုးသားအစိုးရ (National Government) ဟု ခေါ်သည်။ အမျိုးသားအစိုးရသည် ဖော်ပြပါ အခြေခံလိုအပ်ချက်များကို ဖော်ဆောင်ပေး၏။ ဤသို့ပြုခြင်းကို အမျိုးသားရေးဒီမိုကရေစီ (National Democracy) ဖော်ဆောင်ခြင်းဟုခေါ်၏။ အမျိုးသားရေးဒီမိုကရေစီသည် လက်ယာဒီမိုကရေစီ (Liberal Democracy) နှင့် ခြားနားသည်။ ဖော်ပြပါ အခြေခံလိုအပ်ချက်များ (Basic Needs) သည် လူတန်းစားအရေး၊ လူမျိုးစုအရေးမဟုတ်ပါ။ တစ်မျိုးသားလုံးအရေးသာဖြစ်၏။ ထို့ကြောင့် ၎င်းသည် တစ်မျိုးသားလုံးအတွက် Common Interest or Sense ဖြစ်သည်။ ဤအကြောင်းကြောင့် တစ်မျိုးသားလုံးအရေး Common Interest or Sense ကို ဆန့်ကျင်သူမှန်သမျှသည် တစ်မျိုးသားလုံး၏ ရန်သူအစစ်ဖြစ်သည်။

ဝါဒနှင့်လမ်းစဉ်

တည်ဆဲအစိုးရသည် အရေး(၃)ပါးကို ဦးထိပ်ထားပြီး ဖော်ပြပါ အခြေခံလိုအပ်ချက်များကို ဖော်ဆောင်နေသည်။ ထို့ကြောင့် ၎င်း၏ ဝါဒမှာ အမျိုးသားရေးဝါဒ (Nationalism) ဖြစ်၏။ ဆိုရှယ်လစ်ဝါဒ (Socialism)၊ လက်ယာဝါဒ (Liberalism)၊ ဖက်ဒရယ်ဝါဒ (Federalism) မဟုတ်ပေ။

တည်ဆဲအစိုးရ၏ စီးပွားရေးစနစ်မှာ အများထင်နေကြသလို အနောက်တိုင်းပုံစံ ဈေးကွက်စီးပွားရေးနစ်မဟုတ်၊ အရှေ့တိုင်းပုံစံ ဈေးကွက် စီးပွားရေးစနစ် Market Oriented Economy (M.O.E)ဖြစ်သည်။ ၎င်းမှာ နိုင်ငံတော်က ဦးဆောင်သော အရင်းရှင်စီးပွားရေးစနစ် (Capitalism Under the Leadership of the State) ဖြစ်သည်။ ဤစီးပွားရေးစနစ်ကို ကျင့်သုံးရခြင်းမှာ ယခင် ၂၆နှစ်ကြာ ဆိုရှယ်လစ်စီးပွားရေးစနစ် ကျင့်သုံးမိခဲ့သောကြောင့် ဈေးကွက်စီးပွားရေးစနစ်ကို ဦးဆောင်နိုင်သော အရင်းရှင် လူတန်းစားမဲ့နေခြင်းနှင့် နိုင်ငံအရင်းအနှီးပေါင်းမြောက်မြားစွာကို State က ပိုင်ဆိုင်ထားခြင်းတို့ကြောင့်ဖြစ်သည်။ အနောက်တိုင်းပုံစံ ဈေးကွက်စီးပွားရေးစနစ် Market Westernized Economy (M.W.E) မှာ အရင်းရှင်လူတန်းစားက ဦးဆောင်သော အရင်းရှင်စီးပွားရေးစနစ် (Capitalism Under the Leadership of Capitalist) ဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးစနစ်မှာ ဤသို့ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် Road Map အရ ယခုအခါ အမျိုးသားညီလာခံကျင်းပကာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေးဆောင်ရွက်နေ၏။ ၎င်းမှထွက်ပေါ်လာသော ဒီမိုကရေစီမှာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ Disciplinary Democracy (D.D) ဖြစ်သည်။ D.D မှာ တည်ဆဲအစိုးရ၏ အမျိုးသားရေးလက္ခဏာနှင့် ၎င်း၏ အမျိုးသားရေးဝါဒတို့အရ အမျိုးသားရေးဒီမိုကရေစီ (N.D) သာဖြစ်သည်။ ဆိုရှယ်လစ် ဒီမိုကရေစီ Socialist Democracy (S.D)၊ လက်ယာဒီမိုကရေစီ Liberal Democracy (L.D)၊ ဖက်ဒရယ်ဒီမိုကရေစီ Federal Democracy (F.D) မဟုတ်ပါ။ ထို့ကြောင့် တည်ဆဲအစိုးရ၏ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖော်ဆောင်မှုသည် အမျိုးသားရေးဒီမိုကရေစီ ဖော်ဆောင်မှုပင်ဖြစ်သည်။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ D.D

သက်ဦးဆံပိုင်ဘုရင်စနစ်တွင် အချုပ်အခြာအာဏာ (Sovereignty) သုံးရပ်သည် ဘုရင့်လက်ဝယ်တွင် ရှိနေသောကြောင့် ဒီမိုကရေစီ လုံးဝမရှိ၊ စည်းမျဉ်းခံဘုရင်စနစ် (Constitutional Monarch) တွင် အာဏာသုံးရပ်ကို ဘုရင်နှင့်ပြည်သူ ခွဲဝေယူထားကြသည်။ ခွဲဝေရာတွင် ခွဲဝေပုံ (Ratio of Sharing Power) နိုင်ငံတစ်ခုနှင့်တစ်ခုခြားနားကြသော်လည်း ဤစနစ်တွင် ဒီမိုကရေစီ လက္ခဏာနှင့် အနှစ်သာရသက်ဝင်နေ၏။ ရှိတည်ပုံလက္ခဏာမှာ သန္ဓေသားအရွယ်မျှသာဖြစ်၏။ ၎င်းသည် ဒီမိုကရေစီ၏ ခေတ်ဦးပိုင်းကာလဖြစ်သည်။ ခေတ်နှောင်းပိုင်း ဒီမိုကရေစီများနှင့်လည်း အသွင်လက္ခဏာကွဲပြားမှု ရှိနေသည်။ ထိုစနစ်တွင် တစ်မျိုးသားလုံး စည်းလုံးညီညွတ်ခြင်း၊ ငြိမ်းချမ်းသာယာခြင်း၊ တရားဥပဒေစိုးမိုးခြင်း စသည့် လက္ခဏာရပ်များကိုသာလျှင် ထင်ရှားစွာတွေ့မြင်ရ၏။ ထို့ကြောင့် ဤအခြေအနေမျိုးကို လက်ယာဒီမိုကရေစီ (L.D) ဟု မခေါ်၊ အမျိုးသားရေးဒီမိုကရေစီ (N.D) ဟုသာခေါ်၏။

ယနေ့မာရှယ်လောကာလ (Martial Law Period)တွင် အာဏာသုံးရပ်သည် တည်ဆဲအစိုးရ လက်ဝယ်တွင် ရှိနေ၏။ တည်ဆဲအစိုးရ၏ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ (D.D) တွင် စည်းမျဉ်းခံဘုရင်စနစ်ထက် အာဏာသုံးရပ်ကို စနစ်တကျ ဖြန့်ခွဲထားသည်။ ဤအချက်က (D.D) သည် စည်းမျဉ်းခံဘုရင်စနစ်ထက် များစွာသာလွန်နေကြောင်း ထင်ရှားလှသည်။ အထက်တွင် ဆိုခဲ့ပြီးသည့်အတိုင်း စည်းမျဉ်းခံဘုရင်စနစ်တွင် ဒီမိုကရေစီသည် သက်ဝင်ရှိတည်နေသည်ဟု ဆိုပါက မြန်မာပြည်တွင် တည်ဆဲအစိုးရက ဖော်ဆောင်နေသော D.D တွင် ဒီမိုကရေစီ ရှိ၊ မရှိ ရှင်းပြရန် လိုတော့မည်မထင်ပါ။ ယနေ့ကာလသည် မြန်မာပြည်ဒီမိုကရေစီ၏ ခေတ်ဦးပိုင်းကာလ မျှသာဖြစ်သည်။ Liberal Democracy ခေတ်မရောက်သေး။ ဤအချက်ကို NLD ပါတီသည် သိဟန်မတူ။

ကျိုးနှင့်ငန်း

အမျိုးသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးဆိုသော အချက်များသည် "အမျိုးသားနိုင်ငံရေး" (အမျိုးသားရေး)ဖြစ်ပြီး လူမျိုးရေးနှင့် လူတန်းစားရေးမဟုတ်။ ဤအခန်းကဏ္ဍကို တရုတ်ပြည်သည် ၁၉၄၉ ခုနှစ်တွင်လည်းကောင်း၊ အိန္ဒိယနိုင်ငံသည် လွတ်လပ်ရေးရပြီးချိန်တွင်လည်းကောင်း၊ U.S.A သည် သမ္မတလင်ကွန်းလက်ထက် ပြည်တွင်းစစ် ပြီးဆုံးချိန်တွင်လည်းကောင်း ဖြတ်ကျော်ပြီးမြောက်ခဲ့ကြသည်။ နောက်တစ်ဖန် ပြန်လည်ပြိုကွဲမှုမရှိ။ ထို့ကြောင့် ယနေ့မြင်တွေ့နေရသော စီးပွားရေး၊ နိုင်ငံရေး အဆင့်များသို့ လွယ်ကူချောမွေ့စွာဖြင့် တက်လှမ်းနိုင်ခဲ့ကြသည်။ မြန်မာပြည်သည် ဤသို့မဟုတ်။ ၁၉၄၈ခုနှစ် လွတ်လပ်ရေးရယူစဉ်ကာလ၌သာ ညီညွတ်ခဲ့ကြ၏။ လွတ်လပ်ရေးပြီးနောက်မှသည် ၁၉၈၈ ခုနှစ်အထိ အမျိုးသားစည်းလုံးညီညွတ်မှုနတ္ထိ။ ဝါးစည်းပြေသကဲ့သို့ ဖြစ်နေသည်။ တည်ဆဲအစိုးရသည် ဤအခြေအနေရပ်တရားနှင့် ကြုံဆုံနေရ၏။ ဖြတ်ကျော်နိုင်ရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်နေရ၏။ ၎င်းကို အမျိုးသားရေးတာဝန် ထမ်းဆောင်နေခြင်းဟုခေါ်သည်။ ဤကာလအတွင်း မည်သူမည်ဝါ အာဏာရရ၊ ဤအမျိုးသားရေး တာဝန်ကိုသာဦးစားပေး (First Priority) ထမ်းဆောင်ကြရမည်။

ယနေ့ကာလသည် D.D (N.D) ဖော်ဆောင်ရေးကာလဖြစ်ပြီး (L.D) ဖော်ဆောင်ရေးကာလ မဟုတ်သေးပေ။ ဤအကြောင်းတရားများကြောင့် အမျိုးသားနိုင်ငံရေးနှင့် အမျိုးသားရေး တာဝန်ကိုသာလျှင် ဦးထိပ်ထားကြရမည်။

ယနေ့ခေတ်သည် Globalization ခေတ်၊ နိုင်ငံတိုင်းသည် အရင်းရှင်ခေတ်နှင့် ဒီမိုကရေစီခေတ်သို့ ချီတက်ကြရမည်။ ဤသည်မှာ သဘောတရား (Theory)သာဖြစ်၏။ သဘောတရားနှင့်အညီ လှမ်းချီကြရာတွင် နိုင်ငံတစ်ခုစီ၏ရောက်ရှိနေသောအဆင့်မှာ နိမ့်မြင့်မတူ ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးစ ကွာဟချက်များစွာရှိနေကြသည်။ ဖွံ့ဖြိုးစနိုင်ငံမှာ ၁၀၀ကျော်၊ ကမ္ဘာကျော်သည့် U.S.A မှာ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးတို့တွင် ထိပ်ဆုံး၊ မြန်မာမှာဘိတ်ဆုံး၏ အထက်နား၊ ဒုန်းပြေးလိုက်၍မရ။ သမိုင်းနောက်ခံ အကြောင်းများအရ မီရာအဆင့်မှ ချီတက်ကြရမည်။ ဤသို့ချီတက်ရာ၌ မြန်မာနိုင်ငံသည် ဖော်ပြပါ အမျိုးသားနိုင်ငံရေး အခန်းကဏ္ဍ (N.D)ကို မလွဲမသွေ ဖြတ်သန်းနေရသည်။ ဘယ်လိုပင် တရုတ်၊ အိန္ဒိယ၊ USA တို့ကဲ့သို့ တက်လှမ်းချင်သော်လည်းမဖြစ်နိုင်။ ကျိုးကငန်းကို တ…
ကို NLD ပါတီသည် သဘောပေါက်ပုံ…

ချေသူငယ်နှင့်ကျား

အမျိုးသားအစိုးရနှင့် အမျိုးသားရေ…
အဓိပ္ပာယ်ကို ဖွင့်ဆိုခဲ့ပြီးပြီ။ ၎င်းသည် …
လိုအပ်ချက်ကိုသာလျှင် ဖော်ဆောင်ပေးနိုင်…
လွန်ကဲများပြားသော လူတန်းစားရေး၊ လူမျိုး…
တည်းဖော်ဆောင်ပေးနိုင်စွမ်းမရှိ။ ၎င်းကို…
(Second Priority) နေရာတွင်ထားရ၏…
ရေးဒီမိုကရေစီ ထူထောင်ပြီးမှသာလျှင်…
ထို့ပြင် ဤသို့ဖြစ်ရခြင်းမှာ လူ့အဖွဲ့အစည်…
မဲ့နေသေးခြင်း၊ လူတန်းစားအသိတရား…
လည်းဖြစ်သည်။ လူတန်းစားနှင့်လူတန်…
လူ့အဖွဲ့အစည်းတစ်ရပ်တွင် ဆိုင်ရာဆိုင်…
ပေးခြင်း၊ တောင်းခြင်းသည် ရေပြင်ပေါ်…
သည်။ ဤလိုအခြေအနေမျိုးတွင် လူမျိုး…
များ၏ မူဝါဒနှင့်လုပ်ဆောင်ချက်များသ…
ဒီမိုကရေစီ (အမျိုးသားရေးဒီမိုကရေစီ) အ…
စေရန် အထူးလိုအပ်သည်။ အရိပ်သုံးပါ…
ကျားစာဖြစ်မည်။

ထို့ကြောင့်စည်းကမ်းပြည့်ဝသော ဒီ…
ဒီမိုကရေစီ) ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆန့်ကျင်…
ကိုင်လမ်းစဉ်ကို အကြွင်းမဲ့စွန့်လွှတ်ရမည…
နိုင်ငံရေးပါတီများသည်လည်း လစ်ဘရယ…
ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းများကို…
လမ်းစဉ်တို့နှင့်အညီ ရှေ့မှနောက်သို့ ဦးစာ…
ကြရမည်။ ဤနည်းဖြင့် အမျိုးသားရေ…
တူရာတူရာ စုစည်းသွားကြမည်။ ယနေ့…
ရေးကို ဦးထိပ်ထားပြီး အမျိုးသားရေးတာ…
ပြည်ပသြဇာခံလည်းမဟုတ်၊ နိုင်ငံရေးသ…
၏ ခါးပိုက်ဆောင်တပ်မတော်လည်း မဟု…
အဆများစွာ အင်အားကြီးထွားနေသည်။…
ကရေစီ (အမျိုးသားရေးဒီမိုကရေစီ) ဖော်…
ဟူသမျှ သူ၏ ရန်သူလည်းဖြစ်၍ တစ်…
ဖြစ်သည်။ ဟန့်တားဆန့်ကျင်မှုကြောင့် မ…
ပြည့်ဝသော ဒီမိုကရေစီသို့ ကူးပြောင်းရေး…
စေမှုကြောင့် ပြည်သူများကို မာရှယ်…
စေ၏။ အကျိုးမဖြစ်၊ အဆိုးသာဖြစ်စေ…
ဒီမိုကရေစီဖော်ဆောင်မှုကို ဆန့်ကျင်သူမှ…
က ဖဆပလနှင့် မဆလအစိုးရများကို နိုင်…
တိုက်ခဲ့ကြသော ဗကပနှင့် အလံနီတို့၏…
ကြရလိမ့်မည်။

ဤတွင် အမျိုးသားနိုင်ငံရေး အခန်း…
၍ ကွယ်လွန်သွားခဲ့သော နိုင်ငံရေးခေါင်း…
နှင့် မဆလတို့သည် နည်းဗျူဟာ (tactic…
မှားကောင်းမှားကြမည်။ မဟာဗျူဟာ (stra…

တရားဝင်အစိုးရ

တည်ဆဲအစိုးရသည် တရားဝင်အစိုးရ ဟုတ်/မဟုတ်ကို …
(Legality) နှင့် တရားဝင်ပြုမှု (Legalize) ဆိုသော …
၏ အဓိပ္ပာယ်ကို သိရန်လိုသည်။ အစိုးရတစ်ရပ် …
တရားဝင်ဖြစ်ခြင်းတို့တွင် အောက်ပါအချက်ငါးခု ပေါင်း…
သည်–

၁။ ရွေးကောက်ခံအစိုးရဖြစ်ခြင်း (Elected Governme…
၂။ အုပ်ချုပ်ခံရသော လူဦးရေရှိတည်နေခြင်း (Porpulati…
၃။ အချုပ်အခြာအာဏာရှိခြင်း (Sovereignty)
၄။ အုပ်ချုပ်သော နယ်မြေဒေသရှိခြင်း (Territory)
၅။ သံတမန်ဆက်သွယ်ရေးရှိတည်နေခြင်း (Diplomatic…

ချင်သော်လည်းမဖြစ်နိုင်။ ကျီးကင်းကို တုပမှုသာဖြစ်မည်။ ဤအချက်ကို NLD ပါတီသည် သဘောပေါက်ပုံမရ။

ချေသူငယ်နှင့်ကျား

အမျိုးသားအစိုးရနှင့် အမျိုးသားရေးဒီမိုကရေစီတို့၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုခဲ့ပြီးပြီ။ ၎င်းသည် တစ်မျိုးသားလုံး၏ အခြေခံလိုအပ်ချက်ကိုသာလျှင် ဖော်ဆောင်ပေးနိုင်သော အခြေအနေသာရှိ၏။ လွန်ကဲများပြားသော လူတန်းစားရေး၊ လူမျိုးရေးကိစ္စများကို တစ်ပြိုင်နက်တည်းဖော်ဆောင်ပေးနိုင်စွမ်းမရှိ။ ၎င်းကိစ္စများကို ဒုတိယဦးစားပေး (Second Priority) နေရာတွင်ထားရ၏။ ဤကိစ္စများကို အမျိုးသားရေးဒီမိုကရေစီ ထူထောင်ပြီးမှသာလျှင် ဖော်ဆောင်၍ ရနိုင်သည်။ ထို့ပြင် ဤသို့ဖြစ်ရခြင်းမှာ လူ့အဖွဲ့အစည်းအတွင်း၌ လူတန်းစားများ မဲ့နေသေးခြင်း၊ လူတန်းစားအသိတရားများ မဲ့နေသေးခြင်းကြောင့်လည်းဖြစ်သည်။ လူတန်းစားနှင့်လူတန်းစား အသိမဲ့နေသေးသော လူ့အဖွဲ့အစည်းတစ်ရပ်တွင် ဆိုင်ရာဆိုင်ရာ လူတန်းစားအခွင့်အရေးပေးခြင်း၊ တောင်းခြင်းသည် ရေပြင်ပေါ်တွင် အရုပ်ရေးခြင်းသာဖြစ်သည်။ ဤလိုအခြေအနေမျိုးတွင် လူမျိုးရေးနှင့်နိုင်ငံရေးအဖွဲ့ အစည်းများ၏ မူဝါဒနှင့်လုပ်ဆောင်ချက်များသည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ (အမျိုးသားရေးဒီမိုကရေစီ) အခန်းကဏ္ဍကို ထိခိုက်မှုမရှိစေရန် အထူးလိုအပ်သည်။ အရိပ်သုံးပါးနားမလည်က ချေသူငယ်ကျားစာဖြစ်မည်။

ထို့ကြောင့်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ (အမျိုးသားရေးဒီမိုကရေစီ) ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆန့်ကျင်ဖီလာဖြစ်နေသော လက်နက်ကိုင်လမ်းစဉ်ကို အကြွင်းမဲ့စွန့်လွှတ်ရမည်။ တစ်ဝက်တစ်ပြက်မရ။ နိုင်ငံရေးပါတီများသည်လည်း လစ်ဘရယ်ဒီမိုကရေစီနှင့် ဖက်ဒရယ်ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းများကို တည်ဆဲအစိုးရ၏ ဝါဒလမ်းစဉ်တို့နှင့်အညီ ရှေ့မှနောက်သို့ ဦးစားပေးမှုအစီအစဉ် ပြန်ပြောင်းကြရမည်။ ဤနည်းဖြင့် အမျိုးသားရေးအင်အားစုအားလုံးတို့သည် တူရာတူရာ စုစည်းသွားကြမည်။ ယနေ့တပ်မတော်သည် အမျိုးသားရေးကို ဦးထိပ်ထားပြီး အမျိုးသားရေးတာဝန်ကို ထမ်းဆောင်နေ၏။ ပြည်ပသြဇာခံလည်းမဟုတ်၊ နိုင်ငံရေးသမားနှင့် နိုင်ငံရေးပါတီများ၏ ခါးပိုက်ဆောင်တပ်မတော်လည်း မဟုတ်ချေ။ ၈၈ ကာလကထက် အဆများစွာ အင်အားကြီးထွားနေသည်။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ (အမျိုးသားရေးဒီမိုကရေစီ) ဖော်ဆောင်ရေးကို ဟန့်တားသူဟူသမျှ သူ၏ ရန်သူလည်းဖြစ်၍ တစ်မျိုးသားလုံး၏ ရန်သူလည်းဖြစ်သည်။ ဟန့်တားဆန့်ကျင်မှုကြောင့် မာရ်ယလောမှသည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီသို့ ကူးပြောင်းရေးကို နှေးကွေးစေ၏။ နှေးကွေးစေမှုကြောင့် ပြည်သူများကို မာရ်ယလောအောက်တွင် ရှည်ကြာစေ၏။ အကျိုးမဖြစ်၊ အဆိုးသာဖြစ်စေ၏။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖော်ဆောင်မှုကို ဆန့်ကျင်သူမှန်သမျှသည် အတိတ်ကာလက ဖဆပလနှင့် မဆလအစိုးရများကို နိုင်ငံရေး၊ စစ်ရေးအရ တောင်း၊ တိုက်ခဲ့ကြသော ဗကပနှင့် အလံနီတို့၏ ဘဝမျိုးဖြင့်သာ ဇာတ်သိမ်းကြရလိမ့်မည်။

ဤတွင် အမျိုးသားနိုင်ငံရေး အခန်းကဏ္ဍ (N.D) နှင့်ပတ်သက်၍ ကွယ်လွန်သွားခဲ့သော နိုင်ငံရေးခေါင်းဆောင်တစ်ဦးက "ဖဆပလနှင့် မဆလတို့သည် နည်းဗျူဟာ (tactics) အခန်း၌ ငါတို့ထက်ပို၍ မှားကောင်းမှားကြမည်။ မဟာဗျူဟာ (strategy) ဖြစ်သော အမျိုးသားနိုင်ငံရေးအခန်းတွင်မူ မှန်ကန်ခဲ့ကြသည်။ ငါတို့က မှားနေ၏။ တိုက်ခြင်း၊ တောင်းခြင်း ပြုမိမှားခဲ့ကြသည်။ လက်နက်ကိုင် လမ်းစဉ်သည် မှား၏။ ထို့ကြောင့် မုချစွန့်ပယ်ကြရမည်"ဟု ပြောဆိုခဲ့ဖူးသည်။

ထိုနည်းတူစွာပင် တည်ဆဲအစိုးရသည် နည်းဗျူဟာ(tactics) အခန်းတွင် အမှားများ ရှိကောင်းရှိနေမည်။ မဟာဗျူဟာဖြစ်သော အမျိုးသားနိုင်ငံရေးအခန်းတွင်မူ မှန်ကန်နေဆဲဖြစ်သည်။ ထို့ကြောင့် မဟာဗျူဟာ သတ်မှတ်ချက် လွဲမှားနေသူများသည် တည်ဆဲအစိုးရနှင့် ထပ်တူကျအောင် ပြုပြင်ကြရမည်။ မိမိတို့၏ ဝါဒနှင့် လမ်းစဉ်များကို ဦးစားပေးမှု ရှေ့နောက် ပြန်ပြောင်းကြရမည်။ ဤသို့အားဖြင့် တောင်းခြင်း၊ တိုက်ခြင်းပုံစံမှ ပူးပေါင်းဆောင်ရွက်ခြင်းပုံစံသို့ ပြောင်းကြရမည်။

အမျိုးသားရေးဒီမိုကရေစီ (N.D) မရှိသော (သို့မဟုတ်) အမျိုးသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး မရှိသော လူမှုပတ်ဝန်းကျင်တွင် ဘာဒီမိုကရေစီ၊ ဘာဝါဒကိုမျှ တည်ဆောက်၍ မရနိုင်ပါ။ ထို့ကြောင့် အမျိုးသားရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ။ နိုင်ငံရေးသမားနှင့် နိုင်ငံရေးပါတီများသည် အမျိုးသားနိုင်ငံရေး (အမျိုးသားရေး) ဦးစားပေးကြမှသာ အမျိုးသားရေးကို တာဝန်ကျေသောသူများဖြစ်ကြမည်။ တည်ဆဲအစိုးရသည် လစ်ဘရယ်ဒီမိုကရေစီနှင့် ဖက်ဒရယ်ဒီမိုကရေစီကို မဆန့်ကျင်ပါ။ လက်ရှိကာလ အမျိုးသားရေးနိုင်ငံရေး၏ တောင်းဆိုချက်အရ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ (အမျိုးသားရေးဒီမိုကရေစီ)ကို ပထမဦးစားပေးခြင်း (First priority)ဖြစ်ပြီး လစ်ဘရယ်ဒီမိုကရေစီနှင့် ဖက်ဒရယ်ဒီမိုကရေစီကို ဒုတိယဦးစားပေးခြင်း (Second priority)သာ ဖြစ်ပါသည်။ ဤအချက်ကို NLD ပါတီသည် နားလည်ဟန်မတူ။

ဒီမိုကရေစီဖြစ်ပေါ်တိုးတက်ရေး

မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်သည် ကမ္ဘာ့နိုင်ငံများနည်းတူ အနာဂတ်တွင် ဖြစ်ပေါ်တိုးတက်လာမည်မှာ အမှန်ဖြစ်၏။ ဖြစ်ပေါ်တိုးတက်မှုပုံစံမှာ တည်ဆဲစီးပွားရေးစနစ်နှင့် နိုင်ငံရေးစနစ် [စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ (အမျိုးသားရေးဒီမိုကရေစီ)]တို့အရ အနောက်တိုင်းပုံစံမဟုတ်။ အရှေ့တိုင်းပုံစံ (Asian Way)ဖြင့်သာ ဖြစ်ပေါ်တိုးတက်လာမည်ဖြစ်သည်။ ဖော်ပြပါ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍလည်း ကျန်ရှိနေသေးခြင်းကြောင့် ဖြစ်ပေါ်တိုးတက်မှုသည် အဆင့် (၃)ဆင့်၊ ကာလအားဖြင့် (၃)ပိုင်းရှိနေမည်။

ပထမအဆင့်။ ။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ D.D (N.D) ဖြစ်သည်။ ၎င်းသည် Prodemocracyဖြစ်၏။ ဒီမိုကရေစီ ကိုယ်ဝန် ဆောင်ခြင်းကာလဖြစ်သည်။

ဒုတိယအဆင့်။ ။ လူလတ်တန်းစားတို့က ရှေ့ဆောင်သော ဒီမိုကရေစီ (Bourgeois Democracy-B.D) ဖြစ်သည်။ ၎င်းမှာ Pre-democracy ဖြစ်သည်။ လူငယ်အရွယ်ကာလနှင့်တူ၏။ ဤဒီမိုကရေစီကို ယနေ့တရုတ်ပြည်တွင် ကျင့်သုံးနေသည်။

တတိယအဆင့်။ ။၎င်းမှာ အရွယ်ရောက်ပြီးသော Democracy ဖြစ်သည်။ ယနေ့လူအများ ပြောဆိုနေကြသော ဒီမိုကရေစီအဆင့်အတန်းလည်းဖြစ်သည်။ ဤအဆင့်ရောက်မှသာလျှင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရသာကို ပြည့်ဝစွာခံစားခွင့်ရကြမည်။ သို့သော်လည်း ဤအဆင့်သည် ပြီးပြည့်စုံသော ဒီမိုကရေစီ (Absolute Democracy) မဟုတ်သေးပါ။ ဤအဆင့်သည် ယနေ့ အနောက်နိုင်ငံများတွင် မြင်တွေ့နေရသော လစ်ဘရယ်ဒီမိုကရေစီ (L.D) နှင့် တန်းတူသဘောဖြစ်၏။ သို့ရာတွင် သဏ္ဍာန်သာတူ၏။ ထပ်တူမကျပါ။ တရုတ်နိုင်ငံသည် နောက်တစ်ဆင့်တွင် ဤအဆင့်သို့တက်လှမ်းကြမည်ဖြစ်၏။ တရုတ်နိုင်ငံ၏ ထိုအဆင့်ကို လစ်ဘရယ်ဒီမိုကရေစီ (L.D) ဟုခေါ်၍ မရပါ။ ခေတ်သစ်ဒီမိုကရေစီ Modern Democracy(M.D)ဟုသာ ခေါ်နိုင်၏။ အဘယ့်ကြောင့်ဆိုသော် ဤအဆင့်တွင် U.S.A ကဲ့သို့ လူတန်းစားတစ်ရပ် (အရင်းရှင်)က ဦးဆောင်ခြင်းပြုသော ဒီမိုကရေစီစနစ်မဟုတ်။ လူတန်းစားအလွှာစုံ ညီညွတ်မျှတစွာ ပေါင်းစပ်ဖွဲ့စည်းမှုဖြင့် ဖြစ်ပေါ်လာသော ဒီမိုကရေစီစနစ်ဖြစ်သည်။ ထို့ကြောင့် ဤတတိယအဆင့်ကို လစ်ဘရယ်ဒီမိုကရေစီ (L.D) ဟု ခေါ်ဆိုခြင်းထက် ခေတ်သစ်ဒီမိုကရေစီ Modern Democracy (M.D)ဟု ခေါ်ခြင်းသည် အမှန်ကန်ဆုံးသော စကားရပ်ဖြစ်သည်။

ကြံတစ်ချောင်းဥပမာ

ဤသို့အားဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်မှုသည် ပထမအဆင့်တွင် D.D(N.D) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ (ဝါ) အမျိုးသားရေးဒီမိုကရေစီ၊ ဒုတိယအဆင့်တွင် B.D လူလတ်တန်းစား ဒီမိုကရေစီ (ဥပမာတရုတ်ပြည်ကဲ့သို့)၊ တတိယအဆင့်တွင် ခေတ်သစ်ဒီမိုကရေစီ M.D လူတန်းစားအလွှာစုံတို့၏ ဒီမိုကရေစီစနစ် စသည်ဖြင့် အဆင့်(၃)ဆင့် အပိုင်း(၃)ခု ရှိနေသည်။ ဤအဆင့် (၃)ခု သည် တစ်ဆက်တစ်စပ်တည်းလည်းဖြစ်၏။ သီးခြားလက္ခဏာရပ်များလည်း ရှိနေကြသည်။ ကြံတစ်ချောင်း၏ အဖျား၊ အလယ်၊ အရင်း(၃)ပိုင်းနှင့်တူ၏။ တစ်ဆင့်မှတစ်ဆင့်သို့ ခုန်ကျော်တက်လှမ်းမှုလုပ်၍ မရ။ မူလ၊ ပဋိပက္ခ၊ သမူဟ (Thesis, Anti-Thesis Syn-Thesis) နည်းလမ်းတို့ဖြင့် ဖြစ်ပေါ်တိုးတက်လာကြသည်။ ထူးခြားသော မြန်မာ့သမိုင်း ဖြစ်ပေါ်တိုးတက်မှုအရ အဆင့်တိုင်းတွင် တပ်မတော်သည် ပါဝင်နေမည်။ ပါဝင်နေသော်ငြားလည်း အဆင့်အလိုက်၎င်း၏ လက္ခဏာနှင့်အမြင် (Character and Vision) သည် ပြောင်းလဲသွားကြမည်။ တပ်မတော်ပါဝင်နေမှုကြောင့် ဒီမိုကရေစီမစစ်ဟု ဆိုသူများသည် တပ်မတော်ပါဝင်ခြင်းမရှိသော ဒီမိုကရေစီစနစ်ထွန်းကားနေသည့် တိုင်းပြည်များသို့ ပြောင်းရွှေ့ သွားကြရန်သာရှိသည်။ မြန်မာနိုင်ငံ ဒီမိုကရေစီစနစ် ဖြစ်ထွန်းရေးနှင့် တပ်မတော်သည် ခေါင်းနဲ့ပန်း။ ခေါင်းနဲ့ပန်းကို ခွဲရန် ကြိုးပမ်းမှုမှာ အန္တရာယ်ကြီးမား၏။ ထို့ကြောင့် တပ်မတော်ကို "ဘေး"ဖယ်ရန် ကြိုးစားအားထုတ်မှုမှန်သမျှ "ဘေး" တွေ့ကြမည်။ တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်လိုသည်ဟုပြောပြီး တပ်မတော်၏ အမျိုးသားရေး ဝါဒနှင့်လမ်းစဉ်များကို စွန့်ပယ်နေချင်မှုသည် တစ်ခြမ်းပဲ့မေတ္တာနှင့် သစ္စာသာဖြစ်၏။ ဤအကြောင်းများကြောင့် နိုင်ငံရေးသမားဟောင်းကြီးတစ်ဦးက "တပ်မတော်ကို စိတ်နဲ့တောင် မပြစ်မှားကြနဲ့" ဟု ဆိုခြင်းဖြစ်သည်။

အမျိုးသားရေးဒီမိုကရေစီ (N.D) မရှိသော (သို့မဟုတ်) အမျိုးသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး မရှိသော လူမှုပတ်ဝန်းကျင်တွင် ဘာဒီမိုကရေစီ၊ ဘာဝါဒကိုမျှ တည်ဆောက်၍ မရနိုင်ပါ။ ထို့ကြောင့် အမျိုးသားရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ။ နိုင်ငံရေးသမားနှင့် နိုင်ငံရေးပါတီများသည် အမျိုးသားနိုင်ငံရေး (အမျိုးသားရေး) ဦးစားပေးကြမှသာ အမျိုးသားရေးကို တာဝန်ကျေသောသူများဖြစ်ကြမည်။ တည်ဆဲအစိုးရသည် လစ်ဘရယ်ဒီမိုကရေစီနှင့် ဖက်ဒရယ် ဒီမိုကရေစီကို မဆန့်ကျင်ပါ။ လက်ရှိကာလ အမျိုးသားရေးနိုင်ငံရေး၏ တောင်းဆိုချက်အရ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ (အမျိုးသားရေးဒီမိုကရေစီ)ကို ပထမဦးစားပေးခြင်း (First priority) ဖြစ်ပြီး လစ်ဘရယ်ဒီမိုကရေစီနှင့် ဖက်ဒရယ်ဒီမိုကရေစီကို ဒုတိယဦးစားပေးခြင်း (Second priority)သာ ဖြစ်ပါသည်။ ဤအချက်ကို NLD ပါတီသည် နားလည်ဟန်မတူ။

အထက်မှအောက်သို့

မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် ငယ်ရာမှကြီး၊ နိမ့်ရာမှ မြင့်တက်မှုများသည် အများထင်သလို ဘေးတိုက်သဘော၊ အောက်မှအထက်သို့ သဘောမဟုတ်။ အထက်မှအောက်သို့ဦးတည်နေခြင်း (Direction) ဖြစ်သည်။ ဤနည်းဖြင့် ဒီမိုကရေစီ အလင်းရောင်သည် အထက်မှအောက်သို့ ဖြာဆင်းလာ၏ (The Light of Democracy Comes From Above) ဖြစ်သည်။ အထက်မှအောက်သို့ ဖြစ်သောကြောင့် ဘေးတိုက်နည်း၊ အောက်မှအထက်သို့နည်းများဖြင့် ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်မှုများမှာ အချည်းနှီး။ ပူးပေါင်းဆောင်ရွက်ခြင်းနည်းသာလျှင် အမှန်ကန်ဆုံး။ ဤအကြောင်းကြောင့် နိုင်ငံရေးသမားဟောင်းကြီးတစ်ဦးက "တည်ဆဲအစိုးရကို ပြုတ်ကျစေရန်အတွက် ကံသုံးပါးဖြင့် ဘယ်တော့မှမပြုတော့"ဟု ဆိုခြင်း ဖြစ်သည်။ NLD ပါတီသည် ဤအချက်ကို သိမှသိပါလေစ။

၁၉၉၀ ရွေးကောက်ပွဲ

တည်ဆဲအစိုးရ (SPDC)သည် အမျိုးသားအစိုးရ၊ ၎င်း၏ဝါဒမှာ အမျိုးသားရေးဝါဒ၊ စီးပွားရေးစနစ်မှာ အရှေ့တိုင်းပုံစံ ဈေးကွက်စီးပွားရေးစနစ် MOE၊ နိုင်ငံရေးမှာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ (အမျိုးသားရေးဒီမိုကရေစီ) D.D(N.D) ဖြစ် သည်။ ဤအချက်များသည် ၁၉၉၀ ရွေးကောက်ပွဲမှား/မှန်ကိစ္စကို တိုင်းတာသည့်ပေတံ (Measurable Instrument) ဖြစ်၏။

၁၉၉၀ရွေးကောက်ပွဲကို ယခင်တပ်မတော်အစိုးရ (နဝတ)က ကျင်းပခဲ့သည်မှာ မှန်၏။ ထိုရွေးကောက်ပွဲမှာ အမျိုးသားရေးဒီမိုကရေစီအတွက် ပါတီစုံရွေးကောက်ပွဲ (Multi-Party Election For National Democracy)မဟုတ်။ လက်ယာပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲ (Multi-Party Election For Liberal Democracy) ဖြစ်နေသည်။ ထို့ကြောင့် လက်ယာဒီမိုကရေစီ အဖြေ (The Result of Liberal Democracy) ထွက်လာ၏။ ၎င်းသည် ဖော်ပြပါပေတံနှင့် ဖီလာဖြစ်နေသည်။ အမျိုးသားအစိုးရနှင့် အမျိုးသားရေးဒီမိုကရေစီ (N.D) အတွက် အနုတ်လက္ခဏာဆောင်သော အဖြေ (Negative Result) ဖြစ်နေသည်။ ရွေးကောက်ပွဲအဖြေ (Electional Result) အတိုင်း အကောင်အထည်ဖော်ပေးမိပါက ယနေ့မြင်တွေ့နေရသော စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးတိုးတက်မှုများကို ရရှိတော့မည်မဟုတ်။ စည်းကမ်းပြည့်ဝသော ဒီမို ကရေစီ ဖော်ဆောင်ရေးလုပ်ငန်းအားလုံးလည်း ထိခိုက်ကုန်မည်ဖြစ်၏။ ဤအကြောင်းကြောင့် တည်ဆဲအစိုးရက ၁၉၉၀ ရွေးကောက်ပွဲကို အခြေခံသော နိုင်ငံရေးဖြေရှင်းမှုမှန်သမျှကို လုံးဝအလျှော့အတင်း (Compromise) မလုပ်ခြင်းဖြစ်၏။ ဤသို့ပြုခြင်းကို ခေါင်းမာခြင်း၊ မာနကြီးခြင်း၊ အာဏာကို အစဉ်ဖက်တွယ်ထားလိုခြင်းဟု သဘောမထားသင့်ပေ NLD ပါတီသည် ဤအချက်ကို သဘောမပေါက်။

အလျှော့အတင်း (Compromise)

ဘောဂဗေဒတွင် ရောင်းလိုအားနှင့်ဝယ်လိုအား အလျှော့အတင်းသည်ရှိ၏။ ၎င်းသည် ဝယ်လို/ရောင်းလိုသော ကုန်ပစ္စည်းတစ်ခု အပေါ်တွင်မှီ၍ ဖြစ်ပေါ်လေ့ရှိသည်။ "ကုန်ပစ္စည်း"ကို ဖယ်လိုက်ပါက ရောင်းလိုအားနှင့် ဝယ်လိုအား အလျှော့အတင်းသည် ပျောက်ကွယ်သွားသည်။ ဤအချက်က အခြေခံတူမှသာလျှင် အလျှော့အတင်း ပြု၍ရနိုင်သည်။ မတူက ပြု၍မရကြောင်း ဘောဂဗေဒမှ သာဓကတစ်ခုဖြစ်၏။

KNU ဗိုလ်ချုပ် စံမတူက တစ်ချိန်က BBC နှင့် အမေးအဖြေခန်းတွင် တည်ဆဲအစိုးရနှင့် ငြိမ်းချမ်းရေး ဆွေးနွေးနေမှုနှင့်ပတ်သက်၍ ဤသို့ ပြောခဲ့ဖူးသည် "သူလျှော့မှ ငါလျှော့မည်" (He Compromise I Will Compromise) ဤစကားသည်တစ်ဝက်သာမှန်၏။ဖြစ်သင့်သည်မှာ (I Compromise, He Will Compromise) (ငါလျှော့မှ သူလျှော့မည်) ဖြစ်သည်။ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ခြင်းမရှိဘဲ ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပြုလုပ်မှုမှာ မီးစတစ်ဖက် ရေမှုတ်တစ်ဖက်ဝါဒ၊ ဗကပနှင့် အလံနီတို့သည် ပြည်တွင်းစစ်ကာလတစ်လျှောက်လုံး ဤနည်းလမ်းကို ကျင့်သုံးခဲ့ကြသည်။ တည်ဆဲအစိုးရနှင့် KNU တို့၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုတွင် တောင်တန်းကြီးလို ဟန့်တားနေမှုမှာ လက်နက်ကိုင်လမ်းစဉ်ဖြစ်၏။ KNU က လက်နက်ကိုင်လမ်းစဉ်ကို ဖက်တွယ်ထားသဖြင့် အခြေခံမတူ၊ ထို့ကြောင့် အလျှော့အတင်းလုပ်၍ မရခြင်းဖြစ်၏။ လက်နက်ကိုင်လမ်းစဉ် စွန့်ပယ်ပါက အလျှော့အတင်းလုပ်၍ ရနိုင်သည်။ ထိုအခါ ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးသည် အမှောင်ပျောက် အလင်းရောက်သလို ဆုတောင်းနေစရာမလိုပါ။ ကျွဲကူးရေပါ၊ စောဟန်တာသာမွေးနှင့် ဖဒိုဦးအောင်ဆန်းတို့သည် လက်နက်ကိုင်လမ်းစဉ်ကို စွန့်ပယ်ပြီး ကရင်လူထုအား **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✧

ားဝင်အစိုးရ

ားဝင်အစိုးရ ဟုတ်/မဟုတ်ကို တရားဝင်ခြင်း ပြုမှု (Legalize) ဆိုသော စကားရပ်များ သည်။ အစိုးရတစ်ရပ် တရားဝင်မှုနှင့် အောက်ပါအချက်ငါးခု ပေါင်းစပ်ပါဝင်နေ

င်း (Elected Government)

ရှိတည်နေခြင်း (Porpulation)

း (Sovereignty)

သရှိခြင်း (Territory)

တည်နေခြင်း (Diplomatic Relation)

ကြက်ငှက်သေဆုံးမှုသတင်းပေးပို့မှုနှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရောဂါရှာဖွေစစ်ဆေးမှုများပြုလုပ်ပြီး ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဧပြီ ၅

မြန်မာပြည်အလယ်ပိုင်း စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းဒေသ အချို့တွင် ကြက်ငှက်သေဆုံးမှုနှင့်ပတ်သက်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့်ကာလ မတ်လပထမပတ်မှ ဧပြီ ၂ ရက်အတွင်း အနယ်နယ်အရပ်ရပ်မှ သေဆုံးခဲ့သည့် ကြက်၊ ခို၊ ကျီး၊ စာ စသောသေဆုံးမှု သတင်းများနှင့်အတူ အသေကောင်များကို ရန်ကုန်ဗဟိုတိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းနှင့် မန္တလေးဒေသဆိုင်ရာ တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများမှ လက်ခံ၍ ရောဂါရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ရန်ကုန်တိုင်းအတွင်း စမ်းချောင်းမြို့နယ်၊ လှည်းကူးမြို့နယ်၊ တွံတေးမြို့နယ်၊ အင်းစိန်မြို့နယ်၊ သာကေတမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့မှ ကြက်၊ ခို၊ ကျီး၊ စာ သေဆုံးမှုဖြစ်စဉ် ၂၀ရှိကြောင်း၊ အသေကောင်နမူနာများကို ချက်ချင်းအဖြေသိစစ်ဆေးနည်း (Rapid Test)၊ သွေးစုကပ်စစ်ဆေးနည်း (HA Test) ၊ သွေးစုကပ်ဟန့်တားမှုစစ်ဆေးနည်း (HI Test) တို့ဖြင့် စစ်ဆေးရာတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုး မတွေ့ရှိရကြောင်း သိရှိရသည်။

ထို့အတူ မန္တလေးတိုင်းအတွင်း မြင်းခြံမြို့နယ်၊ မြောင်မြို့နယ်၊ တောင်သာမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်တို့ရှိ ကြက်ခြံငါးခြံ၌ ကြက်သေဆုံးမှုဖြစ်စဉ်များအရ ကြက်အသေကောင်နှင့် ခိုအသေကောင်တို့ကို မန္တလေးဒေသဆိုင်ရာ တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းသို့ ပေးပို့လာရာတွင် အထက်ပါစစ်ဆေးနည်းများအတိုင်း စစ်ဆေးရာ မဟာအောင်မြေမြို့နယ်ရှိ ကြက်ကောင်ရေ ၆၃၀ မွေးမြူထားသော ကြက်ခြံတစ်ခြံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်(စ်)ပိုး စစ်ဆေးတွေ့ရှိရပြီး ကျန်ဖြစ်စဉ်ဖြစ်ပွားသည့် မြို့နယ်များ၌ ကြက်ငှက်တုပ်ကွေးရောဂါပိုး မတွေ့ရှိရဘဲ ကြက်ငှက်တုပ်ကွေးရောဂါပိုးတွေ့ရှိသည့် မဟာအောင်မြေမြို့နယ်ရှိ ကြက်ခြံမှ ကြက်များကို ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် သုတ်သင်ဖျက်ဆီးခြင်း၊ မြေမြှုပ်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းတို့ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

အလားတူမကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အမှတ်(၈) ရပ်ကွက် ကြက်ခြံတစ်ခြံ၌ ကြက်သေဆုံးမှုသတင်းနှင့်ပတ်သက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့ရာ ဥစားကြက်ကောင်ရေ ၇၀၀မွေးမြူထားရှိသည့် ကြက်ခြံတစ်ခြံ၌ ကြက် ၁၃ကောင်မှာ အပူရှပ်၊ ချွဲကြပ်သေဆုံးခြင်းဖြစ်ကြောင်းနှင့် ကျန်ကြက်များ ကျန်းမာလျက်ရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်းသိရှိရသည်။

ရွှေဘိုမြို့နယ်တွင် ကြက်ကောင်ရေ ၁၈၀ မွေးမြူထားသော ကြက်ခြံတစ်ခြံ၌ ကြက်နှစ်ကောင်သေဆုံးကြောင်းသတင်းပေးပို့ချက်အရ ရောဂါစစ်ဆေးမှုပြုလုပ်ခဲ့ရာ ကြက်လည်လိမ်ရောဂါကြောင့် သေဆုံးခြင်းဖြစ်ကြောင်း၊ ကျန်ရှိသည့်ကြက်များကျန်းမာလျက်ရှိကြောင်းသိရှိရသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းတို့ ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆက်လက်၍ အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဖခင် ဦးသိန်း-မိခင် ဒေါ်ကျင်တို့အား အမှူးထား၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းနေ သားသမီးမြေးများ (ရွှေရည်ဦး ရွှေဆိုင်)မိသားစုက ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ၁၀ သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

လက်မှတ်ပေးအပ်

သာကေတမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲကို ဧပြီ ၃ရက်က ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်လှိုင်က ကျောင်းသူတစ်ဦးအားသင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။(ပညာရေး)



အခွင့်အလမ်းဟူသည် နောက်တစ်ကြိမ်ဘယ်တော့မျှ ပြန်လာရိုး ထုံးစံမရှိ (Opportunity never comes again)။ ယခုအခါအခွင့်အလမ်း တည်းဟူသော "ရွှေခွက်"သည် လှေနှင့်အတူကမ်းမှ ခွာခဲ့ချေပြီ။

"ဟေး ကူးတို့သမား ဒီကိုပြန်ခဲ့"ဟု ဟစ်အော်ခေါ်နေသော်လည်း ပြန်လှည့်မလာတော့။ နေပူကျဲကျဲသဲသောင်ပြင်ပေါ်တွင် ဟိုပြေးဒီလွှား အရူးသမား ရွှဲကုန်သည်ဘဝလို "မပေး၊ ပေးပေး၊ ငါ့ဒီမိုကရေစီပေး၊ မပေး၊ ပေးပေး၊ ငါ့ဒီမိုကရေစီပေး" ဟု ပူဆွေးတမ်းတ အော်ဟစ်နေရုံမျှအပ ဘာမျှဖြစ်မလာနိုင်တော့ပါ။

အကယ်၍သာ NLD ပါတီသည် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက မလိုလားဘဲ၊ မလိုအပ်ဘဲ ခါးသီးစွာ ခံစားနေရသော ဝေဒနာကို အမှန်တကယ် ပျောက်ကင်းချမ်းသာလိုသော စေတနာ ဆန္ဒရှိရိုးမှန်ပါက၊ China, India, UN, EU, USA, ASEAN စသော နိုင်ငံခြားဆေးဝါးများကို သောက်သုံးရန်မလိုပါ။ မြန်မာ့တိုင်းရင်းဆေးအစစ်ကိုသာ သောက်သုံးပါက မုချဒိဋ္ဌပျောက်မည် အမှန်။ ထိုဆေးမှာ အခြားမဟုတ်။ ၁၉၉၀ ရလဒ်ကို စွန့်လွှတ်ပြီး တည်ဆဲအစိုးရ (SPDC) ၏ မူဝါဒများကို အကြွင်းမဲ့ လက်ခံခြင်းပင် ဖြစ်သည်။

✧ စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေး လက်ဆောင်ပေးအပ်နိုင်ခဲ့သည်။ **အစိုးရဟူသမျှ မည်သည့်လက်နက်ကိုင်လမ်းစဉ်ကိုမျှ လက်မခံနိုင်။ ဒီမိုကရေစီမရသမျှ လက်နက်မချဟု ဆိုခဲ့သော် လက်နက်မချသမျှ ဘာဒီမိုကရေစီမျှ ရမည်မဟုတ်။ လက်နက်ကိုင်လမ်းစဉ်ကို မစွန့်သမျှ ဘယ်အစိုးရ တက်တက် အလုပ်မဖြစ်။** ကရင်တော်လှန်ရေးသည် (၅၇)နှစ်မြောက်မှ နှစ်ပေါင်း ၅၇၀ ကြာမည်သာဖြစ်၏။ ဤသည်မှာ အလျှော့အတင်းနှင့်ဆိုင်သော ဥပမာတစ်ခု။ အခြေခံတူမှ အလျှော့အတင်းလုပ်၍ရသည်။ မတူက လုပ်၍မရ။ ထို့ပြင် အခြေခံတူပါက အလျှော့အတင်းမှာ နှစ်ဖက်အလျှော့အတင်း၊ အခြေခံမတူပါက တစ်ဖက်သတ်တည်းက အလျှော့အတင်း၊ သင့်ရာဈေးဖြင့် ရောင်းခြင်း။ ဤသည်တို့ကို NLD ပါတီသည် တွေးမိဟန်မတူ။

အရာကြီးနှင့် ဘာဘူကြီး

မှတ်မိနေလိမ့်ဦးမည်။ NLD ပါတီသည် တစ်ချိန်က သင်ပုန်းချေရေးနှင့် တွေ့ဆုံဆွေးနွေးရေးကို တင်ပြခဲ့ဖူးသည်။ ထိုသင်ပုန်းချေမှုတွင် ၁၉၉၀ရလဒ် အကောင်အထည်ဖော်ရေးသည်လည်း ပါပြီးဖြစ်ခဲ့သောကြောင့် "သင်ပုန်းချေ"ပြီးသောကိစ္စဟု နားလည်မိသည်။

ယခုတစ်ဖန် ၁၂-၂-၂၀၀၆ရက် (ပြည်ထောင်စုနေ့)တွင် NLD ပါတီမှ တောင်းဆိုတင်ပြချက်တစ်ခု ထွက်ပေါ်လာသည်။ ၎င်းမှာ တည်ဆဲအစိုးရအား (De jure) အစိုးရအဖြစ်သို့ ပြောင်းပေးနိုင်ရေး လွှတ်တော်တစ်ရပ် ခေါ်ပေးရန်ပါရှိ၏။ လွှတ်တော်ခေါ်မှုသည် ၁၉၉၀ ရလဒ်အပေါ် အခြေခံနေ၏။ ထို့ကြောင့် NLD ပါတီ၏ တစ်ချိန်က သင်ပုန်းချေရေးလမ်းစဉ်မှာ ဒီပဲယင်းကိစ္စကိုသာလျှင် "ချေ"လိုဟန်ရှိသည်။ ၁၉၉၀ရလဒ်ကို သင်ပုန်းဖျက် (Duster) ဖြင့် မဖျက်သေး။ ထို့ကြောင့် အသစ်အဆိုပြုချက်ဟု ဆိုသော်လည်း အဟောင်းများကဲ့သို့ပင် ၁၉၉၀ ရလဒ်အပေါ် အခြေခံပြီး နိုင်ငံရေးအဖြေရှာခြင်းသာ ဖြစ်သည်။ ဤအကြောင်းကြောင့် ဤအသစ်အဆိုပြုချက်သည် အဟောင်းအဆိုပြုချက်များနှင့် အရာကြီးနှင့် ဘာဘူကြီး ထူးမခြားနား၊ တစ်ခါလာ မဲပြာပုဆိုး၊ အသားလိုလို့ အရိုးတောင်းခြင်းသာဖြစ်သည်။ စကားအားဖြင့် ပျော့ပျောင်းညင်သာ နူးညံ့မှုရှိ၏။ သို့ရာတွင် တည်ဆဲ SPDC အစိုးရကို ၁၉၉၀ ဘိသိက်ရေသွန်းဖျန်းပေးပြီး လစ်ဘရယ်တောင်ရှည်ပုဆိုးကို ဆင်မြန်းပေးခြင်းမျိုးသာဖြစ်သည်။

၁၉၉၀ ရွေးကောက်ပွဲသည် လက်ယာဒီမိုကရေစီ ပါတီစုံ ရွေးကောက်ပွဲဟု ဆိုခဲ့ပြီ။ အမျိုးသားရေးဒီမိုကရေစီအတွက် မှားယွင်းသောအဖြေ (Negative Result for National Democracy)ဖြစ်ခဲ့သောကြောင့် တည်ဆဲအစိုးရက အလျှော့အတင်းမလုပ်ခြင်းလည်း ဖြစ်သည်။ သို့စဉ်လျက် ထိုမှားယွင်းသောအဖြေ ၁၉၉၀ ရလဒ်ပေါ်တွင် ယခုတစ်ဖန် ပြန်လည်တင်ပြလာခြင်းမှာ အမှားပေါ် အခြေခံထားသောကြောင့် အမှားသာဖြစ်ချေသည်။ ထိုမှားနေသောအမှုကို ပြည်တွင်းနှင့် ပြည်ပတို့မှ ထောက်ခံပါ၊ ကူညီပါဟု ပြောဆိုမှုမှာ ပို၍ မှား၏။ ထောက်ခံမိသူအားလုံးတို့မှာလည်း အမှားသံကွင်းကို လည်ပင်းတွင် စွပ်မိကုန်ကြ၏။ အမှားပေါ် အမှားထပ်သော်က အမှားအမြတ်သာ ရမည်။ အမှန်အမြတ်မရနိုင်။

ယခုအခါ၁၉၉၀ရလဒ်သည် တဖြည်းဖြည်းချင်းအရည်ပျော်လာခဲ့ရာ လက်တွင်း တစ်ဆုပ်စာမျှသာရှိသောရေခဲတုံး၊ နောက်ဆုံးပျောက်တော့မည်။ UN, EU, USA, ASEAN တို့ကလည်း ပီပြင်စွာရပ်တည်ထောက်ခံခြင်းမရှိကြတော့။"လေလုပ်အား" (Verbal Service) သာပေးနေကြ၏။တရုတ်နှင့်ရုရှားတို့မှာ ငြိမ်သက်နေကြ၍ အိန္ဒိယမှာ ဘေးမှ ရပ်ကြည့်နေသည်။

ထို့အပြင် ပြည်တွင်း၌ ၁၉၉၀နှင့်သက်ဆိုင်သောပါတီများမှာလည်း သူကတစ်မျိုး ငါကတစ်ဖုံ၊ ဦးနှင်းပွဲထောင်ဖြစ်နေ၏။ Road Map နှင့်အမျိုးသားညီလာခံကို ထောက်ခံသောပါတီက အများစု၊ မထောက်ခံသော ပါတီက အနည်းစု၊ အသက်ထင်ရှားရှိနေသော လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာလည်း အကြောင်းအမျိုးမျိုးတို့ကြောင့် သုံးပုံတစ်ပုံခန့်သာ ကျန်တော့သည်။ ထိုကျန်ရှိသူများမှာလည်း စုစည်းညီညွတ်မှုမရှိ၊ သုံးစုကွဲနေ၏။ တစ်စုက Road Map ကိုထောက်ခံပြီး အမျိုးသားညီလာခံတက်နေကြသည်။ တစ်စုမှာ ပြည်ပရောက်ကုန်ကြပြီ၊ ကျန်သောတစ်စုမှာ NLD ပါတီ၏ လောင်းရိပ်အောက်တွင် ရှိနေကြ၏။(သုံး)စုလုံး ပေါင်းပြီး လွှတ်တော်တစ်ရပ်ခေါ်သည့်တိုင် နိုင်ငံရေးဆိုင်ရာ အဆိုတစ်ရပ်ကို အဆုံးအဖြတ်ပြုနိုင်လောက်သော သတ်မှတ်ဦးရေပြည့်မီခြင်းလုံးဝမရှိနိုင်တော့၊ ထို့ကြောင့်လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားပြုမှုမှာ အမည်ခံမျှသာ ဖြစ်သည်။ တစ်နည်းအားဖြင့် ယခုလက်ရှိ ဖွဲ့စည်းထားသော လွှတ်တော်ကိုယ်စားပြုကော်မတီသည် NLD ပါတီအတွက် ဖွဲ့စည်းထားသော ကော်မတီသာဖြစ်သည်။

NLD ပါတီ၏ အဆိုပြုချက်သည် ၁၉၉၀ရလဒ်အပေါ်အခြေခံထားသည်ဟုဆိုခဲ့ပြီ၊ ၎င်းကို တည်ဆဲအစိုးရက လက်ခံမိသည်ဆိုပါက မတရားအသင်း ကြေညာခြင်းခံထားရသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ဦးစိန်ဝင်းခေါင်းဆောင်သော (NCGUB) ကို သွယ်ဝိုက်သော နည်းအားဖြင့် လက်ခံအသိအမှတ်ပြုရာရောက် နေသည်။ ဤအချက်ကို NLD ပါတီသည် လေးလေးနက်နက် တွေးမိဟန်မထင်။ ထို့ပြင် အဆိုပြုချက်၏ နောက်ကွယ်၌ ဝှက်ဖဲဖြင့် အကွက်ဆင်ထား၏။ ၎င်းမှာ ကြားဖြတ်အစိုးရဖွဲ့စည်းရေးနှင့် အာဏာခွဲတမ်းရရေး၊ ဤရည်ရွယ်ချက်မှာ မြန်မာပြည်ကို မနုဿဗီဟဒီမိုကရေစီနိုင်ငံဖြစ်စေရန် နိုင်ငံရေးအထက်လမ်းနည်းဖြင့် ဆင်ကြံကြံခြင်း သာဖြစ်သည်။ မနုဿဗီဟ ဒီမိုကရေစီဆိုသည်မှာ နိုင်ငံရေးတွင် အိန္ဒိယပုံစံ၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးတွင် တရုတ်ပုံစံဖြစ်သည်။ ထို့ကြောင့် တည်ဆဲအစိုးရက လုံးဝအလျှော့အတင်း (Compromise) မလုပ်ခြင်းဖြစ်သည်။

အဆိုးဆုံးမှာ NLDပါတီသည် အမည်အားဖြင့်"အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်" လုပ်ရပ်များမှာ "လစ်ဘရယ်ဒီမိုကရေစီအဖွဲ့ချုပ်"၊ အမျိုးသားနိုင်ငံရေးနှင့် အမျိုးသားရေး ဒီမိုကရေစီသဘောတရားကို လုံးဝနားမလည်၊ လက်ယာဒီမိုကရေစီအမြင် (Liberal Vision) သာရှိ၏။အမျိုးသားရေးအမြင် (National Vision) နတ္ထိ၊ ထို့ကြောင့် မြင်းစီးလို့ အထီးမှန်းအမမှန်းမသိ။

NLD ပါတီသည် ဤနည်းဤလမ်းဤစခန်းအတိုင်း သွားနေပါက လွတ်လမ်းနဲ့ ကျွတ်တမ်းမဝင်နိုင်၊ လှုပ်လေမြုပ်လေ၊လှော်လေနစ်လေ၊ ၁၉၉၀ရလဒ်ကို ဆုပ်ကိုင် ထားနေမှုမှာ မိမိကိုယ်မိမိ ဆင်သေကို စီးပြီးလိုက်မိနေသောကျီးမိုက်ဘဝမျိုးရောက်နေ မှန်းလည်းမသိ၊ လစ်ဘရယ်အတွေးနှင့် လစ်ဘရယ်ဆေးကိုသာ တွင်တွင်သောက်နေ၏။ ဝေဒနာကားမပျောက်၊ အနာတခြား ဆေးတခြား၊ အာဏာခွဲတမ်းရရေး အထက်လမ်း၊အောက်လမ်းနည်းမျိုးစုံဖြင့် ကြိုးစားခဲ့သည်မှာ ၁၆နှစ်ခန့်ကြာခဲ့ပြီကော၊ ဤကာလအတွင်း၌ အခွင့်အလမ်းတို့သည် ပေါ်ထွန်းခဲ့၏။ တည်ဆဲအစိုးရ၏ စေတနာကို ဝေဒနာထင်၍ "မောင်ခေါ်ရာသို့ မယ်မလိုက်"ကယ်သူကိုရန်သူထင်သောမိုက်မဲလှသည့် "စောလူးမင်း"လို။

သားရွှေအိုးထမ်း

အခွင့်အလမ်းဟူသည် နောက်တစ်ကြိမ်ဘယ်တော့မျှ ပြန်လာရိုး ထုံးစံမရှိ (Opportunity never comes again)။ ယခုအခါအခွင့်အလမ်း တည်းဟူသော "ရွှေခွက်"သည် လှေနှင့်အတူကမ်းမှ ခွာခဲ့ချေပြီ။

"ဟေး ကူးတို့သမား ဒီကိုပြန်ခဲ့"ဟု ဟစ်အော်ခေါ်နေသော်လည်း ပြန်လှည့်မလာတော့။ နေပူကျဲကျဲသဲသောင်ပြင်ပေါ်တွင် ဟိုပြေးဒီလွှား အရူးသမား ရွှဲကုန်သည်ဘဝလို "မပေး၊ ပေးပေး၊ ငါ့ဒီမိုကရေစီပေး၊ မပေး၊ ပေးပေး၊ ငါ့ဒီမိုကရေစီပေး" ဟု ပူဆွေးတမ်းတ အော်ဟစ်နေရုံမျှအပ ဘာမျှဖြစ်မလာနိုင်တော့ပါ။

အကယ်၍သာ NLD ပါတီသည် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက မလိုလားဘဲ၊ မလိုအပ်ဘဲ ခါးသီးစွာ ခံစားနေရသော ဝေဒနာကို အမှန်တကယ် ပျောက်ကင်းချမ်းသာလိုသော စေတနာ ဆန္ဒရှိရိုးမှန်ပါက၊ China, India, UN, EU, USA, ASEAN စသော နိုင်ငံခြားဆေးဝါးများကို သောက်သုံးရန်မလိုပါ။ မြန်မာ့တိုင်းရင်းဆေးအစစ်ကိုသာ သောက်သုံးပါက မုချဒိဋ္ဌပျောက်မည် အမှန်။ ထိုဆေးမှာ အခြားမဟုတ်။ ၁၉၉၀ ရလဒ်ကို စွန့်လွှတ်ပြီး တည်ဆဲအစိုးရ (SPDC) ၏ မူဝါဒများကို အကြွင်းမဲ့ လက်ခံခြင်းပင် ဖြစ်သည်။

ဤသို့ပြုပါက မိမိမျှော်လင့်ထားသော အမျိုးသားစည်းလုံး ညီညွတ်ရေး၊ ပြန်လည်သင့်မြတ်ရေး၊ နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်ရေး၊ ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေး၊ SPDC နှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပါတီ၏ ပစ္စုပ္ပန်နှင့်အနာဂတ်ရပ်တည်ရေး စသည်တို့သည် ကျွဲကူးရေပါ ကိစ္စများသာ ဖြစ်ကြမည်။

ဤသည်သာလျှင် သားရွှေအိုးထမ်းသော လမ်းစဉ်အစစ်အမှန် ဖြစ်ပေသတည်း။ ။

မြန်မာ့ယဉ်ကျေးမှုသကြင်္ကန်

* **အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။**
* **သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။**
* **အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ဖြင့် မြှင့်တင်ပါ။**

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ	ထောင်(၁)နှစ်၊
၂။ ကစားသူ	ထောင်(၃)နှစ်၊
၃။ ထုတ်လုပ်ရောင်းချသူ	ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က)မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီးမြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ)ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့်အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ)အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ)တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူ ပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

သတိ

၁။ လေပေါင်(၁၀၀)မှ (၁၅၀)အထိ အတင်အချ ပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေဖိအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားအရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအားထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက်(၀၇၀၀)နာရီမှ (၁၈၀၀)နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် (၁၈၀၀)နာရီ နောက်ပိုင်း ရေပက်ကစားခြင်း မပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

✧ နယ်စပ်ဒေသမှ

၁၃၀၀၀ကို မိုးရာသီတွင် အောင်ရေလိုပါက ရေပေးသွင်းနိုင်ရန်နှင့် နွေစပါးဧက ၄၅၀၀၊ အခြားသီးနှံဧက ၅၀၀၀ကို ဆည်ရေပေးဝေရန် ရည်ရွယ်၍ တည်ဆောက်ထားရှိကြောင်းနှင့် ဆည်ရေကိုအသုံးပြု၍ ယခုနှစ်နွေစပါး ၅၀၆၅ ဧက စိုက်ပျိုးထားရှိကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဝင်းဖနုံ ဆည်ရေထိန်းသိမ်းထားရှိမှုနှင့် ရေထုတ်ပြွန်တို့ကို လည်းကောင်း၊ ရေထိန်းတံခါးမှ မြောင်းမကြီးအတိုင်း လက်တံမြောင်းများသို့ ရေပို့လွှတ်ဆောင်ရွက်ထားရှိမှုများသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့သည် ကမာဝက်ရေထိန်းတံခါးတည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ သွားရောက်၍ ရှင်းလင်းဆောင်တွင် ကမာဝက်ကျေးရွာမှ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးကို ကျေးလက်ဒေသများပါ မကျန်ရအောင် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံ ပြည်သူများသည်လည်း ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် တိုးတက်မှု အရှိန်အဟုန်မြင့်မားလာပြီဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးလုပ်ငန်းများကို ဖိဖိစီးစီးဆောင်ရွက်နိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံကို တည်ဆောက်နိုင်မှာဖြစ်ကြောင်း၊ ဒေသခံပြည်သူများအတွက် စိုက်ပျိုးရေအပြည့်အဝရရှိစေရန် ကမာဝက်ရေထိန်းတံခါးကိုလည်း တည်ဆောက်ပေးလျက်ရှိရာ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ပေးစေလိုကြောင်း၊ ယခုအခါ ခြံစည်းရိုးကြက်ဆူဆီကို စက်သုံးဆီအဖြစ် စမ်းသပ်ထုတ်လုပ်နိုင်ပြီဖြစ်၍ ဒေသခံများအနေနှင့် ခြံစည်းရိုးကြက်ဆူပင်ကို တိုးချဲ့စိုက်ပျိုးသွားကြစေလိုကြောင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းအမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ကမာဝက်ရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးသည်။

ကမာဝက်ရေထိန်းတံခါးသည် မုဒုံမြို့ ကမာဝက်ချောင်းတွင် တည်ရှိပြီး ရေဆင်းဧရိယာ ၂ ဒသမ ၆ စတုရန်းမိုင်၊ ရေထိန်းတံခါး အမြင့် ၁၅ပေ၊ ရေထိန်းတံခါး အလျားပေ ၉၀၊ ရေလှောင်ပမာဏ ၄၆၅ဧကပေ အသုံးပြုနိုင်သော ရေပမာဏ ဧကပေ ၃၁၀၊ ၆ပေ ပတ်လည်အရွယ်အစား ရေတံခါးရှစ်ပေါက်ရှိပြီး ရေထိန်းတံခါးပြီးစီးပါက နွေရာသီတွင်သောက်သုံးရေ ဖူလုံစွာရရှိရေး၊ မီးဘေးအန္တရာယ် ကာကွယ်နိုင်ရေး၊ သီးထပ်သီးနှံနွေစပါး ဧက ၁၅၀ စိုက်ပျိုးနိုင်ရေးနှင့်ပင်လယ်ရေငန် ဝင်ရောက်ခြင်းမှ ကာကွယ်နိုင်ရေးတို့အတွက် ရည်ရွယ်ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့သည် သထုံတပ်နယ်၊ ဖွဲ့မာန်ဟိန်းခန်းမ၌ လည်းကောင်း၊ ကျိုက်ထိုတပ်နယ်ခန်းမဆောင်၌ လည်းကောင်း၊ တပ်နယ်ရှိအရာရှိစစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍အမှာစကားအသီးသီးပြောကြားကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကျိုက်ထိုမြို့နယ်၊ ဝင်းကံ-သုံးခွ-ဆင်တွင်းလမ်းဖောက်လုပ်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ လမ်းဖောက်လုပ်နေသော နယ်မြေခံ တပ်မတော်သားများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဝင်းကံကျေးရွာသို့ ရောက်ရှိရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်နှင့် ပဲခူးတိုင်း ရွှေကျင်မြို့နယ်တို့ကို ဆက်သွယ်သည့် ကျုံပကူးချောင်းကူးတံတားသစ်ကိုဖြတ်သန်း ကြည့်ရှုစစ်ဆေးသည်။

ယင်းတံတားမှာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များမှ ဆောင်ရွက်ခဲ့ပြီး တံတားအရှည်ပေ ၂၀၀၊ အကျယ် ၁၆ပေ ဘေလီသစ်သားတံတားဖြစ်၍ မော်တော်ယာဉ်များ ရာသီမရွေးသွားလာနိုင်သည့်တံတားဖြစ်သည်။

ထို့နောက် ရှင်းလင်းဆောင်တွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြတ်စိုးက ကျိုက်ထိုမြို့နယ်အတွင်းဝင်းကံကျေးရွာ၌ ကျုံပကူးချောင်းတံတား၊ အခြေခံပညာအထက်တန်းကျောင်းနှင့် ဝင်းကံ-ငှက်ပျောတောလမ်းဆောင်ရွက်မှုလုပ်ငန်း အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူး ဦးကျော်လင်းက ကျုံပကူးချောင်းတံတားဆောက်လုပ်ခဲ့သည့် အခြေအနေများကို လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က လမ်းဖောက်လုပ်မှုနှင့် တံတားဆောက်လုပ်မှုနှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဝင်းကံကျေးရွာ ကျုံပကူး ချောင်းတံတားမှ ရွှေကျင်မြို့နယ်အတွင်းသို့ ဖောက်လုပ်လျက်ရှိသည့် လမ်းအခြေအနေနှင့်ပတ်သက်၍ လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တည်ဆောက်ရေးနှင့် လမ်းဖောက်လုပ်ရေးလုပ်ငန်းများတွင်ပါဝင်ခဲ့သော ဝန်ထမ်းများအား ဂုဏ်ပြုငွေများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသော ကျိုက်ထိုမြို့နယ် ဝင်းကံကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေးမှာကြားကာ ကျောင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကမာဝက်ကျေးရွာမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ် (သတင်းစဉ်)

သတိ

အရက်/ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ မဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင် ရောင်းချခြင်းမပြုလုပ်ရန် တားမြစ်သည်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

သတိ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

ပြည်ပအားကစားသတင်း

ပွဲသိမ်းခါနီး နှစ်ဂိုးကြောင့် လိုင်ယွန်အသင်းရှုံးချက်နှာ မီလန်အသင်း အကြိုဗိုလ်လုပွဲတက်

မီလန်(အီတလီ) ဧပြီ ၄

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲများကို ဆက်လက်ကျင်းပရာတွင် အေစီမီလန်အသင်းနှင့် အိုလံပစ်လိုင်ယွန်အသင်းတို့ ယှဉ်ပြိုင်ကြရာ၌ ပွဲပြီးခါနီးအချိန်တွင် အေစီမီလန်အသင်းက နှစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သဖြင့် မီလန်အသင်း အကြိုဗိုလ်လုပွဲဆီသို့ ခြေလှမ်းခွင့်ရသွားပြီဖြစ်သည်။

ပထမဆင့်ပွဲကို ပြင်သစ်တွင် ကစားစဉ်က ထိုနှစ်သင်းသည် ဂိုးမရှိသရေပွဲဖြင့် အဆုံးသတ်ခဲ့ရသည်။ ယခုအီတလီတွင် ကစားသည့်ပွဲ၌ အိမ်ရှင်မီလန်အသင်းက ပြင်သစ်ကလပ်အသင်းကို ၃-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အေစီမီလန်အသင်းမှ တိုက်စစ်မှူး အင်ဇာဂီက ပွဲကစားချိန် ၂၅ မိနစ်တွင် ခေါင်းတိုက်သွင်းယူလိုက်ခြင်းဖြင့် ဖွင့်ဆော်ဦးဂိုး စတင်ရရှိသွားသည်။

နောက်ခြောက်မိနစ်အကြာတွင် လိုင်ယွန်အသင်းက ချေပဂိုးကို ပြန်လည်သွင်းယူနိုင်ခဲ့သည်။ ထိုဂိုးကို လိုင်ယွန်အသင်းမှ ဆီနီဂေါလူမျိုး အလယ်တန်းကစားသမား မာဟာမာဒူဒီရာရာက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ထို့နောက်ပိုင်းတွင် မီလန်အသင်း၏ ကစားကွက်မှာ ပျက်သလိုရှိနေခဲ့သည်။ ပွဲကစားချိန် ၈၈ မိနစ်တွင် မီလန်အသင်းမှ အင်ဒရီးရှက်ဖ်ချင်ကိုက ဘောလုံးကို အနိမ့်ကန်သွင်းလိုက်ရာ ဂိုးမဝင်ဘဲရှိစဉ် အင်ဇာဂီက ထပ်မံသွင်းယူလိုက်သည့်အတွက် မီလန်အသင်း ဒုတိယဂိုးရရှိသွားသည်။

ပွဲပြီးလုဆဲဆဲအချိန်တွင် ရှက်ဖ်ချင်ကိုကပင် ကန်သွင်းလိုက်သည့်အတွက် ဂိုးသမားမရှိသောကြောင့် ဂိုးထဲသို့ ဘောလုံးမှာ တန်းတန်းမတ်မတ် ဝင်သွားသည့်အတွက် မီလန်အသင်း တတိယဂိုး ရရှိသွားသည်။

အေစီမီလန်အသင်းမှ အင်ဇာဂီ ဂိုးသွင်းလိုက်ဟန်။

လိုင်ယွန်အသင်းမှ ပွဲစကစားပြီး ၁၈ မိနစ်အချိန်က ဂိုးသွင်းရန် အခွင့်ကောင်း ရခဲ့သေးသည်။ ထိုအခွင့်အရေးမှာ မီလန်အသင်းဂိုးမား ဒီဒါ၏ အမှားကြောင့် ရရှိသွားခြင်းဖြစ်သော်လည်း လိုင်ယွန်အသင်း ရှေ့တန်းလူ ဆီလ်ဗီယန်ဝီလ်တော့ဒ်က ကန်ချက်လွဲသွားသဖြင့် လိုင်ယွန်အသင်းအတွက် အခွင့်ကောင်း လက်လွှတ်ခဲ့ရသည်။

ပွဲပြီးလုနီးအချိန်အထိ သရေဖြစ်နေခဲ့ရာ ပြင်သစ်အသင်းကို အားပေးသူများသည် အော်ကာဟစ်ကာဖြင့် မြူးနေခဲ့ကြသေးသည်။ သို့ရာတွင် မီလန်အသင်းကစားသမားများက ပွဲသိမ်း ဂိုးနှစ်လုံးဆက်တိုက်သွင်းလိုက်နိုင်သည့်အတွက် အေစီမီလန်အသင်းမှာ ချန်ပီယံလိဂ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲဝင်ရမည့် နောက်ဆုံးလေးသင်း စာရင်းတွင် နေရာရသွားခြင်း ဖြစ်သည်။ ***အင်တာနက်။***

✧ ကျောဖုံးမှ

လေ့လာခဲ့ကြရာ ထိုကလေးများသည် အရွယ်ရောက်လာသောအခါ ပုံမှန်အတိုင်း မွေးဖွားလာသောကလေးများ မှားလေ့ရှိသည့်အမှားမျိုးကို ပြုလုပ်ကြခြင်းမရှိသည်ကို လေ့လာတွေ့ရှိခဲ့ကြသည်။

ထိုကလေးများ အရက်သေစာ သောက်စားသောအမူအကျင့်၊ မူးယစ်ဆေးဝါးသုံးစွဲသော အမူအကျင့်နှင့် အရွယ်မရောက်မီ ကိုယ်ဝန်ဆောင်ရသောအဖြစ်မျိုး ပုံမှန်ကလေးများတွင်တွေ့ရသည်ထက် ပို၍အဖြစ်နည်းပါးသည်ကို လေ့လာတွေ့ရှိရသည်ဟုဆိုသည်။

ကလေးဆေးပညာပါမောက္ခ မူရင်းဟက်စ်နှင့် ကလိဗ်လင်းတက္ကသိုလ်မှ ဆရာဝန်များသည် ပေါင်မပြည့်လမစေ့ဘဲမွေးဖွားလာသူကလေးပေါင်း ၂၄၂ဦးတို့ကို အချိန် ကြာမြင့်စွာ လေ့လာရာမှ အထက်ပါအမူအကျင့်ဆိုင်ရာ အခြေအနေများကို သိရှိလာရခြင်းဖြစ်သည်။

ထိုကလေးများသည် ပျမ်းမျှအားဖြင့် ကိုယ်အလေးချိန် ၁၁၇၉ ဂရမ်၊ ၂ ဒသမ ၅ ပေါင်အောက်တွင်ရှိပြီး ကိုယ်ဝန်ဆောင်ချိန် သီတင်း ၂၉ပတ်တွင် မွေးဖွားခဲ့ကြသူများဖြစ်သည်။ ကိုယ်ဝန်ဆောင်ချိန်ကာလကို သီတင်း ၃၇ပတ်ကြာလျှင် ကာလပြည့်ကိုယ်ဝန်ဆောင်ချိန်အဖြစ် မှတ်ယူထားသည်။

အဆိုပါကလေးများ၏ မွေးဖွားစအခြေအနေတွင် ကျန်းမာရေးအားနည်းချက်ကြောင့် မိဘသားချင်းများနှင့် ကလေးများကိုယ်တိုင်၌က ဂရုတစိုက်ရှိကြသည့်အတွက် ၎င်းကလေးများတွင် ကောင်းမွန်သောအမူအကျင့်များ တွေ့ရခြင်းဖြစ်မည်ဟု ပညာရှင်များက ကောက်ချက်ဆွဲကြသည်။

ပေါင်မပြည့်သော ကလေးများတွင် ကျန်းမာရေးဆိုင်ရာအားနည်းချက်များ တွေ့ကြရသည်။ အာရုံကြောဆိုင်ရာအားနည်းချက်၊ မျက်စိအမြင်ဆိုင်ရာ အားနည်းချက်၊ အကြားအာရုံဆိုင်ရာ အားနည်းချက်၊ ပုံမှန်ကလေးများနှင့်စာလျှင် အရပ်ပုခြင်း၊ ကိုယ်အလေးချိန်နည်းပါးခြင်းများကို တွေ့ရလေ့ရှိသည်။ ဉာဏ်ရည်ဉာဏ်သွေးတွင်လည်း ပုံမှန်ကလေးများတွင် အိုင်ကျူအဆင့် ၉၂ ရာခိုင်နှုန်းရှိသော်လည်း ပေါင်မပြည့်သည့်ကလေးများတွင် အိုင်ကျူ ၈၇ရာခိုင်နှုန်းသာရှိကြောင်း လေ့လာသိရှိရသည်။

မည်သို့ပင်ဖြစ်စေကာမူ ပေါင်မပြည့်သောကလေးများ၏ ၅၁ ရာခိုင်နှုန်းမှာ ပုံမှန်အိုင်ကျူရှိကြပြီး ၇၄ ရာခိုင်နှုန်းမှာ အထက်တန်း ကျောင်းအောင်မြင်သူများဖြစ်ကာ ၄၁ ရာခိုင်နှုန်းမှာ ထို့ထက်အဆင့်မြင့်သောပညာရေးကို ဆက်လက်လေ့လာနိုင်သူများဖြစ်ကြောင်းတွေ့ရသည်။ **အင်တာနက်။**

မူးယစ်အန္တရာယ် လူ့ရန်စွယ်
ကာကွယ်တိုက်ဖျက် လက်ချင်းဆက်

အဆင့်မြင့်တန်း ကွင်းပိတ်ရှုံးထွက်ကွာတားဖိုင်နယ် မြို့တော်စည်ပင်က ကမ္ဘောဇကို အချိန်ပို၌အနိုင်ရ

ရန်ကုန် မေ ၅

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ် ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ တတိယ ကွာတား ဖိုင်နယ်ပွဲစဉ်အဖြစ် မြို့တော်စည်ပင် အသင်းနှင့် ကမ္ဘောဇအသင်းတို့သည် ယနေ့ညနေ ၃ နာရီ ၄၅မိနစ်က အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မြို့တော်စည်ပင် အသင်းက အချိန်ပိုတွင် ငွေဂိုးသွင်းယူပြီး တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

မြို့တော်စည်ပင် - တစ်ဂိုး

အောင်ထွေးမောင်(ငွေဂိုး)

ကမ္ဘောဇ - ဂိုးမရှိ

ဒိုင်လူကြီး - ဦးစိုးမိုးကျော်

ခြေညီသော နှစ်သင်းတွေ့ဆုံသော ပွဲဖြစ်၍ ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး အချိန်ပိုကျမှ အနိုင်အရှုံးပေါ်ကာ မြို့တော်စည်ပင်က အကြိုဗိုလ်လုပွဲသို့ နှစ်နှစ်ဆက်တိုက် တက်ရောက်သွားသည်။ မြို့တော်စည်ပင်နှင့် ကမ္ဘောဇ အသင်းတို့သည် ယခုနှစ် ဘောလုံးရာသီတွင် သုံးကြိမ်ဆက်တိုက် တွေ့ဆုံထားရာ ကွင်းဖွင့်ပြိုင်ပွဲတွင် ကမ္ဘောဇက အနိုင်ရရှိထားပြီး အမှတ်ပေးပြိုင်ပွဲနှင့် ယခုကွင်းပိတ်ပြိုင်ပွဲတွင် မြို့တော်စည်ပင်က အနိုင်ရရှိထားသည်။

ဖိကစား

ပွဲစကတည်းက တိုက်စစ်ဖွင့် ကစားသော မြို့တော်စည်ပင်၏ ကစားပုံကြောင့် ကမ္ဘောဇအသင်း ကစားကွက်တည်မရဘဲ စည်ပင်၏ ထိုးဖောက်မှုကိုသာ ဖျက်ထုတ်နေရသည်။ ပထမပိုင်းတွင် မြို့တော်စည်ပင်က ခြေအသာဖြင့် ဖိကစားနိုင်ခဲ့ပြီး အောင်မြင့်အေးနှင့် လှအောင်ထွေးတို့ ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း အသုံးမချနိုင်၍ ဂိုးမရဖြစ်နေသည်။

၃၅ မိနစ်ကျော်မှ ကမ္ဘောဇအသင်း ကစားကွက် ပြန်မိလာပြီး စည်ပင်ဘက်သို့ ပြန်လည် ထိုးဖောက်လာနိုင်သော်လည်း တိုက်စစ်၌ အပျက်များနေ၍ ဂိုးသွင်းခွင့် မဖန်တီးနိုင်ဘဲ ပထမပိုင်းတွင် ဂိုးမရှိ သရေဖြစ်နေသည်။

တက်ရောက်

ဒုတိယပိုင်းတွင် ကမ္ဘောဇအသင်း၏ ကစားပုံမှာ ပထမပိုင်းနှင့် မတူဘဲ အချိတ်အဆက်မိလာသည်။ အချိန်ပိုတွင်လည်း နှစ်သင်းစလုံး အပြန်အလှန် ထိုးဖောက်ကစားနိုင်ကြသည်။ ဂိုးရရှိရေး ကြိုးစားသလို ဂိုးမပေးရရေးကိုလည်း အကွက်ကျကျ ဖျက်ထုတ်နေကြ၍ ဂိုးရရှိရေး အမှားကိုသာ စောင့်နေရသည်။ ၂၅ မိနစ်တွင် တန်ပြန်တိုက်စစ်မှ တစ်ဆင့် တင့်နိုင်ထွန်းသိန်း ကန်တင်ပေးသောဘောလုံးကို အောင်ထွေးမောင်က သွင်းယူခဲ့သဖြင့် မြို့တော်စည်ပင် အနိုင်ဂိုး၊ ငွေဂိုးရရှိပြီး တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဗိုလ်လုပွဲရောက်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည့် မြို့တော်စည်ပင် အုပ်ချုပ်သူ ဦးကျော်မင်း။

ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

မြို့တော်စည်ပင်အသင်းသည် အကြိုဗိုလ်လုပွဲ၌ ဆောက်လုပ်ရေးနှင့် ပြည်ထဲရေး အနိုင်ရရှိသောအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ကြိုးစားသွားမည်

အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသော မြို့တော်စည်ပင်အသင်း အုပ်ချုပ်သူ ဦးကျော်မင်းက "အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်၍ ဝမ်းသာရပါကြောင်း၊ ကမ္ဘောဇအသင်းမှာလည်း အထူးကြိုးစားကစားသွား၍ ခက်ခက်ခဲခဲ ယှဉ်ပြိုင်ခဲ့ရကြောင်း၊ မိမိတို့အသင်းတွင် ဇော်ဇော်၊ အောင်ဇော်မျိုးနှင့် သန်းဝဏ္ဏအောင်တို့သုံးဦး ပွဲပယ်ခံထားရပြီး အောင်မြင့်အေး၊ နေလင်းထိုက်၊ သက်နိုင်စိုးနှင့် လှအေးထွေးတို့ ဒဏ်ရာရလျက်ပင် ဝင်ကစားခဲ့ရ၍ အသင်းမှာ အကောင်းဆုံးအနေအထား မရောက်ရှိခဲ့ကြောင်း၊ အကြိုဗိုလ်လုပွဲတွင် ဆောက်လုပ်ရေးနှင့် ပြည်ထဲရေး မည်သည့်အသင်းနှင့်တွေ့တွေ့ ခက်ခဲစွာ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ ဗိုလ်လုပွဲရောက်ရှိအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း" ကြေးမုံသို့ ပြောကြားသွားသည်။

ယနေ့ပွဲ

(အောင်ဆန်းကွင်း)

စတုတ္ထကွာတားဖိုင်နယ်

ဆောက်လုပ်ရေးနှင့် ပြည်ထဲရေး

(ကြေးမုံ)

မြို့တော်စည်ပင်မှ ဝင်းဇော်အောင်၏ ထိုးဖောက်မှုကို ကမ္ဘောဇ နောက်ခံလူ ပြည့်စုံအောင် ဟန့်တားစဉ်။ ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

သင်ကြားပြသ

အားကစား ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မတ် ၁၄ရက်မှ မေ ၁၁ရက်အထိ နွေရာသီ အခြေခံ အားကစားသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိရာ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ နည်းပြဆရာ ဦးဝင်းဖေ အခြေခံ ကယက်လှေလှော်အားကစားနည်းကို သင်ကြားပြသစဉ်။

(အား/ကာ)

ဒုလ္လဘရဟန်းခံနှင့် တရားစခန်း

ရန်ကုန် မေ ၅

သာကေတမြို့နယ် (၁၀)တောင် ၁၂ ရပ်ကွက် တံခွန်တိုင် တောရကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက သာသနာပြု အောင်စေတီဆရာတော် ဘဒ္ဒန္တ ဝဏ္ဏသာရအား အမှူးထား၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှင်အပါး ၁၀၀ ဒုလ္လဘရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာကို မေ ၁၃ ရက်(ကြာသပတေးနေ့)တွင် ကျင်းပမည်ဖြစ်ပြီး၊ ညစဉ် ၈ နာရီတွင် သစ္စာဉာဏ်မြင် သမထ ဝိပဿနာ ငါးရက် တရားစခန်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အဂ္ဂါဘိဓဇတိပိဋက နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၅

မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းနယ်မြေရှိ သာသနာ့မာရ်အောင် ဝဲပုံ့စာသင်တိုက်အတွင်း၌ စေတနာရှင်များ၏ စုပေါင်းလှူဒါန်းငွေကျပ် သိန်း ၄၇၀ ကျော်ဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် အဂ္ဂါဘိဓဇတိပိဋက နှစ်ထပ်ကျောင်းဆောင်သစ်**(ယာပုံ)** ဖွင့်ပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို မေ ၂ရက် နံနက်ပိုင်းတွင် ယင်းကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ သာသနာ့မာရ်အောင် ဝဲပုံ့စာသင်တိုက် ပဓာနနာယက တိပိဋကဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိဇယာဘိဝံသအမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ကြီးအား တိပိဋကဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဆရာတော်ကြီးက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးတော်မူသည်။ ထို့နောက် မော်လမြိုင်မြို့ ကော့လှာပရိယတ္တိစာသင်တိုက် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဩဘာသမဟာထေရ် မြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ ရေစက်ချ အနုမောဒနာတရားနာယူပြီး လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း (ဝင်္ကပါ)၏ (၂၂)ကြိမ်မြောက် ဉာဏ်စွမ်းရည်ပြိုင်ပွဲကို မတ်၂၆ရက်က ကျင်းပရာ စည်းနဲ့ဝါး အကဖြင့် မောင်ဇေယျာလင်းထက် ယှဉ်ပြိုင်စဉ်။ (ကြေးမုံ)

ပန်းအလှပြင်သင်တန်းများ ဖွင့်မည်

ရန်ကုန် မေ ၅

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းကကြီးမှူး၍ အခြေခံ ပန်းအလှပြုပြင်မှု သင်တန်း(၂/၂၀၀၆)ကို မေ ၂၄ရက်မှ ၂၈ရက်အတွင်း နေ့စဉ် မွန်းတည့် ၁၂နာရီမှ ညနေ ၄နာရီအထိ သင်တန်းသား၊ သင်တန်းသူ ၅၀ဖြင့်လည်းကောင်း၊ အဆင့်မြင့် ပန်းအလှပြုပြင်မှုသင်တန်း(၁/၂၀၀၆)ကို မေ ၂ရက်မှ ၁၃ရက်အထိ နေ့စဉ်မွန်းတည့် ၁၂နာရီမှ ညနေ ၄နာရီအထိ အခြေခံသင်တန်းဆင်းပြီးသူ သင်တန်းသား၊ သင်တန်းသူ ၅၀ဖြင့်လည်းကောင်း၊ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင် အတွင်းရှိ ပြည်ထောင်စု အေးရိပ်ငြိမ်ခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

တက်ရောက်နိုင်

သင်တန်းကြေးများအဖြစ် အခြေခံသင်တန်းတွင် အသင်းဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် တစ်ဦးလျှင် ငွေကျပ် ၄၀၀၀စီ၊ ပြင်ပပုဂ္ဂိုလ်များအတွက် ငွေကျပ် ၅၀၀၀စီ၊ အဆင့်မြင့်သင်တန်းတွင် အသင်းဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် တစ်ဦးလျှင် ငွေကျပ် ၇၀၀၀စီ၊ ပြင်ပပုဂ္ဂိုလ်များအတွက် တစ်ဦးလျှင် ငွေကျပ် ၈၀၀၀စီ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် အသင်းရုံး ဖုန်း-၃၇၉၃၆၁သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။ (၄၅)

အခြေခံလှေလှော် အားကစားသင်တန်းဖွင့်

ရန်ကုန် မေ ၅

မျိုးဆက်သစ်လူငယ် လှေလှော်အားကစားသမားများ ပေါ်ထွက်ရေးအတွက် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်တို့ပူးပေါင်း၍ နွေရာသီ အခြေခံလှေလှော်အားကစားသင်တန်းကို အင်းလျားလမ်းရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် (အင်းလျားကန်)၌ မတ် ၁၄ရက်မှ စတင်ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၅၀ တက်ရောက်လျက်ရှိသည်။

အဆိုပါသင်တန်းတွင် အဖွဲ့ချုပ်နည်းပြဆရာ ဦးဖေဝင်းက နွေရာသီ အခြေခံ လှေလှော် အားကစားသင်တန်းကို အပြည်ပြည်ဆိုင်ရာလှေ ကယက်လှေလှော် သင်ကြားပေးလျက်ရှိသည်။ (ကြေးမုံ)

သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်-

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ။
(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်) မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
(၁၀) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်းလုံးဝမပြုရ။

(ခ) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ဂ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဃ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်"

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဝေငှပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခြစည်းရိုးကြက်ဆူပင် ပျိုးထောင်ပွဲ ဖွင့်ပွဲတွင် ခြစည်းရိုး ကြက်ဆူပင်မျိုးစေ့များကို ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တပ်နယ်မိသားစု ဝင်များအား ဝေငှပေးစဉ်။ (သတင်းစဉ်)

စိုက်ပျိုးရေးအပါအဝင် နိုင်ငံတော်ပါ အကျိုးရှိမည့် ခြစည်းရိုးကြက်ဆူပင်

ဒေသခံတိုင်းရင်းသားပြည်သူများစိတ်ဝင်စားပြီး ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးလာစေရန် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက လက်တွေ့သရုပ်ပြ စည်းရုံးဆောင်ရွက်

နေပြည်တော်မြို့တော် ဧပြီ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ လိုက်ပါလျက် ဧပြီ ၄ရက် နံနက် ၈နာရီတွင် ကျိုင်းတုံမြို့နယ် မိုင်းလပ် ကျေးရွာအုပ်စု ဝမ်ကန်ကျေးရွာရှိ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကုန်းမြင့် လယ်ယာစိုက်ပျိုးခင်း၌ ကျင်းပသည့် ခြစည်းရိုးကြက်ဆူပင်ပျိုးထောင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မှာကြားသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအေးသိန်းက ခြစည်းရိုးကြက်ဆူများစိုက်ပျိုးပြီးစီးမှု၊ ပျိုးထောင်ထားရှိမှု၊ မျိုးစေ့ စုဆောင်းထားရှိမှုအခြေအနေနှင့် နှစ်အလိုက် ဆက်လက်တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်း တင်ပြသည်။

လက်တွေ့သရုပ်ပြ

ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးအေးလင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ် စိုက်ကွင်း၌ ခြစည်းရိုးကြက်ဆူပင်များပျိုးထောင် ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရုပ်ပုံ ကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စီမံကိန်းလျာထား ချက်များ ဖြစ်မြောက်အောင်မြင်ရေးအတွက် ခြစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှု မှသည် အသီးရင့်မှည့်ဆွတ်ခူးခြင်း၊ ကြိတ်ခွဲခြင်း၊ ထွက်ရှိသော ဓီဝဒီဇယ်ဆီ များကို ဈေးကွက်တွင်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

နယ်စပ်ဒေသဖွံ့ဖြိုးရေးကို ကျေးလက်များပါမကျန်အောင် စောင့်ရှောက်ပေးလျက်ရှိ

ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်မှုကြောင့် တိုးတက်မှုအရှိန်အဟုန်မြင့်မား

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မုဒုံမြို့နယ် ဝင်းဖနုံရေလှောင်တမံနှင့် ကမာဝက်ရေထိန်းတံခါး ကြည့်ရှု

နေပြည်တော်မြို့တော် ဧပြီ ၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်လိုက်ပါ၍ ဧပြီ ၁ ရက် နံနက်ပိုင်းက ဝင်းဖနုံ ရေလှောင်တမံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်တင့်က ရေလှောင်တမံစီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဆည်ရေသောက်စနစ်ဖြင့် နွေစပါးစိုက်ပျိုးနိုင်မှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဝင်းဖနုံရေလှောင်တမံသည် မုဒုံမြို့နယ် ဝင်းဖနုံချောင်းတွင် တည်ရှိပြီး ရေဆင်းဧရိယာ ၈ ဒသမ ၀၅ စတုရန်းမိုင်ရှိ၍ တမံအမြင့် ၁၇၈ပေ၊ တမံ အလျား ပေ ၁၈၀၀ ရှိ မြေသားတမံအမျိုးအစားဖြစ်သည်။ ကန်ရေပြည့်ရေလှောင်ပမာဏ ၄၉၅၀၀ ဧကပေ၊ ကန်ရေပြည့်ရေပြင်ကျယ် ဧရိယာဧက ၇၅၀၊ သံကူကွန်ကရစ် ရေထုတ်ပြွန် အလျား ၆၂၅ ပေ၊ အကျယ် ၄ ပေ၊ အမြင့် ၆ ပေ နှစ်ပေါက်ပါရှိပြီး ရေလွှဲဆည် အမျိုးအစားမှာ ကျောက်ဖြည့်ကွန်ကရစ် အမျိုးအစားဖြစ်ပြီး ရေလွှဲဆည် အကျယ် ၁၁၅ပေ၊ ရေလွှဲဆည်အမြင့် ပေ ၁၈၅၀ ဖြစ်ရာ တူးမြောင်းမကြီး တစ်ခုနှင့် လက်တံမြောင်းကိုးခု ဖြင့် ဆည်ရေသောက် ဧရိယာဧက

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✧

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကျိုက်ထိုမြို့နယ် ဝင်းကံ–သုံးခွ တပ်တွင်းလမ်း ဖောက်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပေါင်မပြည့် လမစေ့သော်လည်း အလွန်အမင်းအားငယ်စရာမလို

ကလိဖ်လင်း ဧပြီ ၄

ကလိဖ်လင်းတက္ကသိုလ် ကလေးဆေးရုံနှင့် ကေစ်ဝက်စတင်း တက္ကသိုလ်နှစ်ခုမှ ဆေးပညာရှင်များသည် ၁၉၇၇ခုနှစ်မှစ၍ အလေးချိန် မပြည့်၊ လမစေ့ဘဲမွေးလာသောကလေးများ၏အခြေအနေကို နှစ် ၂၀ ကျော် ကြာသည့်တိုင်အောင်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❖

အင် တာ နက် သ တင်း

ပေါင်မပြည့် လမစေ့ဘဲ မွေးလာသူ ကလေးငယ်တစ်ဦးကို ကလိဖ်လင်း ဆေးရုံ၌ တွေ့ရစဉ်။